မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၂၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံ တက်ရောက် အဖွင့်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၇

အကြိမ်(၃၀)မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းညီလာခံနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာအသင်းချုပ်တို့ ဇကာဒသမအကြိမ် ပူးတွဲအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ယင်းနောက် သွားဘက်ဆိုင်ရာ ဆေးပစ္စည်းပြခန်း ဖွင့်ပွဲအခမ်းအနားကို အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူတို့က ဆေးပစ္စည်းပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း
(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
မိုးမိုးအောင်
(မြန်မာ့အလင်း)

ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ

မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံမှ ဒေသခံ ပြည်သူများအား ကြည်လင်ပြတ်သားသော ရုပ်မြင်သံကြား အစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိသည်။

ဓာတ်ပုံမှတ်တမ်း-
အောင်သန်း
(မင်္ဂလာတောင်ညွန့်)

သွားလမ်းသာ၍ လာလမ်းဖြောင့်နေသော ယောဒေသက ကျောက်ထုမြို့ မြင်ကွင်း

နေပြည်တော် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံအလယ်ပိုင်းရှိ အညာမြေ ယောဒေသ ယောနယ်၊ ဆောနယ်သည် မြန်မာနိုင်ငံ၏ ထင်ရှားသော ဒေသများဖြစ်ကြသည်။ တောင်ယောတွင် ဆောမြို့နှင့် ကျောက်ထုမြို့၊ အလယ်ယောတွင် ထီးလင်းမြို့၊ မြောက်ယောတွင် ဂန့်ဂေါမြို့တို့ဖြစ်သည်။ ခရိုင်ရုံးစိုက်ရာ ယောမြို့သည် ဂန့်ဂေါမြို့ဖြစ်၏။ ယောဒေသသည် တောင်ကုန်းထူထပ်သော ဒေသဖြစ်၍ ယခင်ကာလက ဆက်သွယ်သွားလာရေး ခက်ခဲမှုကြောင့် ဒေသဖွံ့ဖြိုးမှုများ နောက်ကျကျန်ရစ်ခဲ့ရသည်။

စာမျက်နှာ ၇ ကော်လံ ၁ *

ကျောက်ထုမြို့ ဂုံးဘိုတံတား

မကွေးတိုင်း ကျောက်ထုမြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ယောချောင်းကို ဖြတ်ကျော်၍ အရှည်ပေ၅၉၀ရှိ ဂုံးဘိုတံတားကို နိုင်ငံတော်က ဤသို့တည်ဆောက်ပေးထားသည်။

ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)

မြန်မာ့အလင်း
အင်တာနက်ကျန်းမာရေး

ကိုယ်အလေးချိန်လျော့ကျလိုသူများ ကစီဓာတ်နည်းသော အစာများစားသုံးသင့်

အဝလွန်သူများအနေဖြင့် ကိုယ်အလေးချိန် လျော့ကျစေရန်အတွက် ကစီဓာတ်နည်းသော အစားအစာများကို ရွေးချယ်စားသုံးသင့်ကြောင်း လေ့လာဆန်းစစ်ချက်တစ်ရပ်တွင် ဖော်ပြသည်။

လေ့လာတင်ပြ

ကစီဓာတ်များသော အစားအစာများကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ် အဝလွန်စေပြီး

စာမျက်နှာ ၆ ကော်လံ ၁ ❒

28-1 (01).pmd 1 1/28/2010, 2:17 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော် (၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၈ ရက်)

စာပေစွမ်းပကား ပြည်ထွန်းကား စာပေစွမ်းအင် ပြည့်ဂုဏ်အင်

စာအုပ်စာပေသည် လူ့မိတ်ဆွေဖြစ်သည်။ စာပေသည် လူမှုစီးပွားဘဝမြင့်မားရေးကို အထောက်အကူပြုသည်။ စာပေသည် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှုကို ပေးစွမ်းနိုင်သည်။ စာပေသည် ခေတ်အမြင်၊ ခေတ်အသိကို ထက်မြက်စူးရှစေသည်။ စာပေသည် ထိရောက်သော မီဒီယာလက်နက်ဖြစ်သည်။ စာပေကို အပတ်တကုတ် လေ့လာဖတ်ရှုခြင်းဖြင့် ကိုယ်ရည်ကိုယ်သွေး မြင့်မားစေနိုင်သည်။

စာပေသည် လူသားတို့၏ လူနေမှုဘဝတွင် နေ့စဉ် နက်နက်ရှိုင်းရှိုင်း ဝင်ရောက်နေသည့် အမျိုးသားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သွင်ပြင်ဖြစ်သည်။ စာပေကို အမြတ်တနိုး တန်ဖိုးထားလေးစားပြီး စာပေယဉ်ကျေးမှု အနုပညာများကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုကာလများတွင် အမျိုးသားစာဆိုများ၊ စာပေပညာရှင်များသည် စာပေစွမ်းအားဖြင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည်။ စာပေလက်နက်ဖြင့် တိုင်းရင်းသား ညီအစ်ကိုများအား စည်းရုံးနိုင်ခဲ့သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိကာ တိုင်းတစ်ပါး ကျူးကျော်နယ်ချဲ့မှုများကို တွန်းလှန်တိုက်ဖျက်နိုင်ခဲ့သည်။ ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရယူ ထိန်းသိမ်းနိုင်သည်။

ကလောင်သွားသည် ဓားသွားထက် ထက်သည်ဟု ဆိုစမှတ်ပြုကြသကဲ့သို့ ကလောင်သည် ဓားလက်နက်ကဲ့သို့ ခုတ်ထစ် ပိုင်းဖြတ်နိုင်စွမ်းမရှိသော်လည်း လူ၏စိတ်ကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိသည်။ စိတ်၏စွမ်းအားကို ထက်မြက်စေသည်။ ယနေ့အချိန်အခါတွင် စာကောင်းပေမွန်များထွက်ရှိနေရာ မိမိတို့၏ ဘဝတိုးတက်မှုနှင့် နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် စာပေများကို လေ့လာသင့်ကြပေသည်။

လောက၌ အကောင်းနှင့်အဆိုးသည် ဒွန်တွဲနေပြီး စာကောင်းပေကောင်းများရှိသကဲ့သို့ အဆိပ်အတောက်ဖြစ်စေသည့် စာပေများလည်းရှိရာ ပိုင်းခြားဝေဖန် ရှောင်ရှားကြရမည်ဖြစ်သည်။ မိမိဖတ်ရှုသော စာသည် ကိုယ်တိုင် ကြိုက်နှစ်သက်နေရမည်။ အကျိုးတစ်စုံတစ်ရာ ရရှိစေရမည်။ မှန်ကန်သည့် အတွေးအခေါ် မြော်မြင်မှုများ၊ စံပြုအပ်သည့် ကိုယ်ကျင့်တရားများကို ရရှိစေရမည် ဖြစ်သည်။

မျက်မှောက်ကာလတွင် နည်းပညာများ၊ အသိပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်ဖြစ်ရာ စာပေစွမ်းပကားနှင့် ပေါင်းစပ်အသုံးချနိုင်သည်နှင့်အမျှ ပြည်ထောင်တစ်ခွင် ပိုမိုထွန်းကားစည်ပင်ကာ စာပေစွမ်းအင်ဖြင့် အဖျက်ရန်မှန်သမျှ တွန်းလှန်ကာကွယ်နိုင်ပြီး ပြည့်ဂုဏ်အင်ကိုလည်း မြှင့်တင်နိုင်ကြမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၈-၁-၂၀၁၀
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ မေတ္တာဗုဒ္ဓ
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၅:၃၀ ၇။ မွေးမြူသုတ
- ၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆:၂၅ ၁၂။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၈)
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၄၄)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ရှေးဟောင်းသုတ
- ၁၉။ အနုပညာရှင်၏တစ်နေ့တာ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **အရုဏ်ဦးအချစ်** (အပိုင်း-၂၅)

ချောက်နှင့် ညောင်ဦးမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်များ ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇန်နဝါရီ ၂၂ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း ချောက်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံရာ တာဝန်ခံအရာရှိများက ဌာနအလိုက် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ ကဏ္ဍအသီးသီးတို့မှ ပံ့ပိုးဖြည့်ဆည်းရေးဆိုင်ရာများကို မှာကြားသည်။

တိကျမှန်ကန်

ဆက်လက်၍ ဝန်ကြီးသည် ချောက်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိကျမှန်ကန်မြန်ဆန်သည့် လုပ်ငန်းဆောင်ရွက်မှုတို့ဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် မှာကြားသည်။ ဝန်ကြီးသည် ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲနှင့် ညောင်ဦးမြို့နယ် အခွန်ဦးစီးမှူးရုံးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မက်သဒစ်အင်္ဂလိပ်ဟိုက်စကူး အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ယခင် မက်သဒစ် အင်္ဂလိပ်ဟိုက်စကူးနှင့် အထက(၁) ဒဂုံကျောင်းတွင် ၁၉၅၄ခုနှစ်မှ ၁၉၇၈ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသူ ကျောင်းသားများ ပြန်လည်ဆုံစည်း၍ ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၆ရက်(စနေနေ့) နံနက် ၉နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ရပ်နီးရပ်ဝေးမှ ကျောင်းသူကျောင်းသားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ကန်တော့ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ဦးကျော်မောင် ဖုန်း-၂၂၄၄၉၀၊ ဦးရဲမြင့် ဖုန်း-၀၉-၅၀-၀၈၇၅၀၊ ဦးထူးအောင်ကြီး ဖုန်း-၀၉-၅၁-၂၁၈၁၈၊ ဒေါ်ထားချို ဖုန်း-၅၃၄၇၈၀၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း-၀၉-၅၀-၉၄၆၆၅၊ ဒေါ်တင်မေလွင် ဖုန်း-၅၅၄၀၃၉၊ ဒေါ်ခင်သန်းမူ ဖုန်း-၀၉-၅၀-၆၈၅၆၄၊ ဒေါ်တင်လှမြင့် (အထက-၁၊ ဒဂုံ)၊ ဒေါ်ဝေမာဝင်း ဖုန်း-၀၉-၈၀-၃၂၂၂၁နှင့် ဒေါ်စန်းစန်း ဖုန်း-၀၉-၅၀-၁၇၁၉၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲများကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ ခြင်းခတ်ရုံတွင် ဇန်နဝါရီ ၁၉ရက်မှ ၂၈ရက်အထိ ပွဲတော်ရက်အတွင်း ကျင်းပလျက်ရှိသည်။ ဖွင့်ပွဲနေ့တွင် ဥက္ကဋ္ဌ ဦးရွှေကျော်၊ ဦးရှိန်အောင်ဗိုလ်တို့က အမှာစကား ပြောကြားကာ အလက(၄) အင်းစိန်မှ ကျောင်းသူကလေးများက အကဖြင့် ဖြေဖျော်ကြပြီး ခြင်းပွဲဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးစိန်လှိုင်က ခြင်းလုံးကို စပေး၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ခြင်းအဖွဲ့ ၂၄၀တို့က နေ့စဉ် ၂၄ပွဲဖြင့် နံနက် ၉နာရီခွဲမှ ည ၁၁နာရီခွဲအထိ မြန်မာ့ရိုးရာ ခြင်းအလှခတ် ပြသလျက်ရှိကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

နေပြည်တော်တပ်ကုန်း စာပေနှင့်စာနယ်ဇင်းစည်းဝေး

နေပြည်တော်တပ်ကုန်း ဇန်နဝါရီ ၂၇

နေပြည်တော် တပ်ကုန်း စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ဇန်နဝါရီ ၂၄ရက် မွန်းလွဲ ၁နာရီက မြို့နယ် စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပသည်။ အစည်းအဝေးတွင် နာယကများဖြစ်ကြသော မြတ်ဘုန်း (တပ်ကုန်း)၊ ရွှေသင်းယုလွင်နှင့် ထွန်းလက်(တပ်ကုန်း)တို့က အမှာစကား ပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်သန်း၊ မောင်သက်နှင်း(မ/ဥ)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

တက်ရောက်လာသော အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များက ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းကြသည်။ နာယက မြတ်ဘုန်း(တပ်ကုန်း)က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (၀၉၁)

တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မဂ္ဂင်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ၄ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်၊ လက်ထောက်အင်ဂျင်နီယာ ဦးထွန်းကျော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် မြို့နယ် ရဲတပ်ဖွဲ့မှူး အောင်ကိုကိုနှင့် လမ်းကော်မတီဝင် ဦးထိန်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဆဋ္ဌမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ EXCEL TREASURE HOTEL၌ ကျင်းပရာ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းဆွေက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးအေးလွင် **(အောက်ပုံ)**က နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို တင်ပြကာ အတည်ပြုချက်ရယူသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဂုဏ်ပြုဆုပေးပွဲကို ကျင်းပရာ နာယက ဒေါက်တာညီညီက The Best Paper Award Among those Contributed by Young Geoscientists "Shanita amosi (Foraminifera) form the shan Plateau: Age Reconsideration" ၂၀၀၉ခုနှစ် အကောင်းဆုံးစာတမ်းဆုရှင် ဒေါ်ကြည်ကြည်ရွှေ၊ ဒေါ်ဥမ္မာစိုးရင်နှင့် ဦးဇော်ဝင်းတို့အားလည်းကောင်း၊ ဥက္ကဋ္ဌ ဒေါက်တာဝင်းဆွေက Geotechnical Engineering Level(1) သင်တန်းမှ ထူးချွန်ကျောင်းသား ပထမဆုရ မောင်မြင့်ဆွေ၊ ဒုတိယဆုရ မောင်ထက်သော်ဇင်နှင့် တတိယဆုရ မဖြိုးရည်မွန်တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အတည်ပြုချက်ရယူ

ထို့နောက် ဥက္ကဋ္ဌ ဒေါက်တာဝင်းဆွေက Earquates and Related Geohazardsin in Myanmar ခေါင်းစဉ်ဖြင့်ဟောပြောပြီး မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း တိုးချဲ့ဖွဲ့စည်းရန်အတွက် လိုအပ်သော အဆိုပြုချက်များကို တင်ပြ၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် ၂၀၁၀-၂၀၁၁ခုနှစ် အလုပ်အမှုဆောင်အဖွဲ့သစ်၏ အမည်စာရင်းကို ဒေါက်တာမောင်သိန်းကတင်ပြပြီး ဦးတင်လှိုင်က ထောက်ခံ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် ဥက္ကဋ္ဌ ဒေါက်တာဝင်းဆွေ၊ အထွေထွေအတွင်းရေးမှူး ဦးအေးလွင်တို့ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်နှင့် အမှုဆောင် ၂၅ ဦးတို့၏ အမည်စာရင်းကို ဖတ်ကြားကြေညာပြီး ဥက္ကဋ္ဌ ဒေါက်တာဝင်းဆွေက နိဂုံးချုပ်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့

ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်း ကာကွယ် တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဦးသန်းဆွေအား ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးသန်းဆွေအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ကျူးဘားသမ္မတ နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဆူးလေအမှတ်(၅) ဆိပ်ခံတံတားတွင် နိုင်ငံခြားသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဒေါက်တာအောင်ကျော်မြတ် ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (ပြည်) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (သန်လျင်) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(ခ)	ဒေါက်တာအေးမြင့် ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (မှော်ဘီ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (မန္တလေး) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(ဂ)	ဦးစိုးကိုကို ညွှန်ကြားရေးမှူးချုပ် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးသန်းထိုက် အထွေထွေမန်နေဂျာ အမှတ်(၂)လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မလွန်) မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၂) စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၂) စက်မှုဝန်ကြီးဌာန
(ခ)	ဗိုလ်မှူးကြီး စန်းမြင့်ဦး ကာကွယ်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ရထားပို့ဆောင်ရေးဝန်ကြီးဌာန
(ဂ)	ဗိုလ်မှူးကြီးဆန်းအောင် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ရထားပို့ဆောင်ရေး ဝန်ကြီးဌာန



ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဇန်နဝါရီ ၂၄ရက်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သန်လျက်စွန်း မီးပြတိုက်ဌာနခွဲရုံးသို့ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက ရေကြောင်း ရေလမ်းအသီးသီး၌ မီးပြတိုက်များထားရှိမှု၊ ဆိပ်ခံတံတားများ မွမ်းမံပြင်ဆင်ထားရှိမှု၊ ကြံ့ခိုင်မှုအခြေအနေနှင့် သင်္ဘောကြီးများ ဝင်ရောက်သွားလာမှု၊ သိမ်ဖြူသင်္ဘောကျင်းတွင် ရေယာဉ်၊ တွဲယာဉ်များ အသစ်တည်ဆောက်နေမှု၊ ရေလယ်ဘွိုင်ယာများ ပြုပြင်တည်ဆောက်ထားရှိမှု၊ ဗိုလ်အောင်ကျော်တံတားနှင့် ဆူးလေအမှတ်(၅)ဆိပ်ခံတံတားကြီးများတွင် နိုင်ငံခြားသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နေမှု အခြေအနေနှင့် သင်္ဘောကြီးများပေါ်မှ ဘိလပ်မြေအိတ်များ၊ သစ်လုံးများ တင်ချဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပြီး သင်္ဘောကြီးပေါ်မှ ကုန်ပစ္စည်းများတင်ချနေမှုနှင့် ဆိပ်ကမ်းတံတားများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် အလုံသင်္ဘောကျင်းသို့ ရောက်ရှိရာပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးတင့်က ရေယာဉ်များ ကျင်းတင်၊ လွှန်းတင်ပြင်ဆင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ရေယာဉ်၊ တွဲယာဉ်များ လွှန်းတင်ပြင်ဆင်နေမှုနှင့် တန်ချိန် ၁၀၀၀တွဲ ရေယာဉ်များ၊ တွန်းရေယာဉ်များ အသစ်တည်ဆောက်နေသည့် လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၇

TV Guide စာစောင် အတွဲ(၁)၊ အမှတ်(၃၀)ကို ဇန်နဝါရီ ၂၉ရက်(သောကြာနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် MTV ရုပ်သံလိုင်း၌ ပြသမည့် Cold Play အဖွဲ့ စင်မြင့်ဖျော်ဖြေပွဲ၊ Legion ရုပ်ရှင်ကားပြသမည့် Mtv at the Movie၊ ဟေတီလျောင်အတွက် ကမ္ဘာကျော်များပြုလုပ်ခဲ့သည့် ဂီတဖျော်ဖြေပွဲအကြောင်း၊ Channel V ရုပ်သံလိုင်းမှ စီစဉ်သည့် သင်လည်းပါဝင်နိုင်သည့် Valentine's Day Playlist အစီအစဉ်၊ Britney Spears အကြောင်း၊Star Movies ရုပ်သံလိုင်းတွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Hero Wanted, Con Air, Righteous Kill ရုပ်ရှင်ကားများ၊ Star World ရုပ်သံလိုင်းတွင်ပြသမည့် (၅၂)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲအကြောင်း၊ ESPN နှင့် STAR SPORTS ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် ဘာမင်ဂမ်-စပါး၊ ဆန်းဒါးလန်း-စတုတ်၊ ဘန်လေ-ချယ်လ်ဆီး၊ မန်စီးတီး-ပို့စ်မောက်၊ လီဗာပူး-ဘော်လ်တန်၊ ပွဲကြီးပွဲကောင်းဖြစ်လာမည့် အာဆင်နယ်-မန်ယူ၊ Australian Open ပွဲစဉ် ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များ၊ မြန်မာစကားပြောများဖြင့် တင်ဆက်နေသည့် Animal Planet ရုပ်သံလိုင်းမှ Big Cat Diary အစီအစဉ်နှင့် After The Attack အစီအစဉ်၊ တက်တူးအကြောင်း စုံစုံလင်လင်သိရှိနိုင်သည့် LA INK နှင့် မြန်မာစကားပြောဖြင့် ကြည့်ရမည့် David Rocco's Dolce Vita၊ Surfing the Menu အစီအစဉ်များ၊ အစီအစဉ်အားလုံး မြန်မာစာတန်းထိုးဖြင့် ပြသနေသည့် NCC ရုပ်သံလိုင်း၌ ကြည့်ကြရမည့် Tribal Odyssey၊ ကမ္ဘာ့သမိုင်းမှာ အဆိုးရွားဆုံး သင်္ဘောနစ်မြုပ်မှုဖြစ်သည့် The Last Voyage of the Gustloff အစီအစဉ်၊ မြန်မာစာတန်းထိုးဖြင့် ကြည့်ရမည့် Deadliest နှင့် Really Big Things With Matt Rogers အစီအစဉ်ပြသမည့် Discovery ရုပ်သံလိုင်း၊ Mandalay FM မှာ တေးသံရှင် ခင်မောင်တိုး၏ စီးရီးသစ်သည်းဦးသစ္စာကို ကြိုတင်ခံစားနားဆင်ရမည့် တေးချစ်သူထံ တေးသစ်အယ်လ်ဘမ်အစီအစဉ်၊ MRTV-4 ၌ နေ့စဉ်ပြသတော့မည့် ကိုရီးယားဇာတ်လမ်းတွဲသစ် Glory of Family ဇာတ်ကားအကြောင်း၊ ချမ်းချမ်းစတိုင်များကြည့်ရှုရမည့် Celebrity Style၊ ဟောလိဝုဒ်မှ မီလီယံချီတန်သော ဟောလိဝုဒ်စတားများ၏ ကလေးများအကြောင်း တင်ဆက်ထားသည့် အောင်မြင်သူတို့ဘဝ အစီအစဉ်များအပြင် ပါဝင်နေကျကဏ္ဍများ ပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ငွေကျပ် ၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ်ရှိနေပြီ ဖြစ်ကြောင်းနှင့် အပတ်စဉ် သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဒီပဲယင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော စံပယ်လမ်း ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ထူးခြားသည့် ညအပူချိန်

၂၇-၁-၂၀၁၀

ဟားခါး	-၂ ဒီဂရီစင်တီဂရိတ်
ပူတာအို	၂ ဒီဂရီစင်တီဂရိတ်
မချမ်းဘော	၃ ဒီဂရီစင်တီဂရိတ်
အမ်း	၃ ဒီဂရီစင်တီဂရိတ်

ဘာသာရပ်များဝင်ခွင့်အကြောင်း ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

MDIS နှင့် CROWN Education တို့ပူးပေါင်း၍ စီးပွားရေးဘာသာရပ်များ၊ နိုင်ငံတကာတွင် ပြောင်းလဲလာနေသည့် စီမံခန့်ခွဲမှုဘာသာရပ်များ၊ အင်ဂျင်နီယာ ဘာသာရပ်များ၊ နိုင်ငံတကာမှ MBA ဘွဲ့များ၏ အားနည်းချက်၊ အားသာချက်များနှင့် ဝင်ခွင့်လိုအပ်ချက်များအကြောင်း၊ Management ဘာသာရပ်များနှင့် ၎င်းတို့၏ အထူးပြုဘာသာရပ်များအကြောင်း၊ Finance နှင့် Accounting အထူးပြုဘာသာရပ်များ၏ ကွဲပြားခြားနားချက်၊ အနာဂတ်တွင် ပြည်တွင်း ပြည်ပအလုပ်အကိုင်အခွင့်အရေးများနှင့် ပတ်သက်၍ ပိုမိုအသုံးဝင်လာနိုင်သည့် အထူးပြုဘာသာရပ်များအကြောင်းကို ဇန်နဝါရီ ၃၀ရက် (စနေနေ့)တွင် ညနေ ၃နာရီမှ ၅နာရီအထိ Traders Hotel ,Taung Ngu ခန်းမ၌လည်းကောင်း၊ ဇန်နဝါရီ ၃၁ရက် (တနင်္ဂနွေနေ့)တွင် ညနေ ၅နာရီမှ ၆ နာရီခွဲအထိ မန္တလေးမြို့ Sedona Hotel ၌လည်းကောင်း၊MDIS မှ တာဝန်ရှိသူတစ်ဦးနှင့် CROWN Education မှ ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းတို့က ရှင်းလင်းဆွေးနွေးမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူမည်သူမဆို CROWN Education-Yangon OfficeSummit Parkview Hotel, Room 228,229 ၊ဖုန်း-၂၁၁၈၈၈ လိုင်းခွဲ ၂၂၈၊၂၂၉၊ ဖုန်း-၀၉-၅၀-၈၅၁၈၅နှင့် မန္တလေးရုံးခွဲ အမှတ်၇၀၊ လမ်း ၃၀ ၇၃လမ်းနှင့် ၇၄လမ်းကြား ဖုန်း၀၉-၂၀-၃၆၀၃၅တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၇

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၂၇ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၀၁၂၀ ရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၄၁၇၃ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၀၁၂၀
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၄၁၇၃ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဇန်နဝါရီ ၂၇

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၂၇ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၅၄၁ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာ ရရှိသူဦးရေမှာ ၃၈၃၁၁ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၅၄၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၃၈၃၁၁ ဦး

(အင်တာနက်)

အီရတ် နှင့် အာဖဂန်နစ္စတန် သတင်းများ

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲသဖြင့် ပျက်စီးသွားသော နေအိမ်များကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

တာလီဘန်စစ်သွေးကြွနှင့် ပြန်လည်ပေါင်းစည်းနိုင်ရန် အာဖဂန်သမ္မတကာဇိုင်း စီစဉ်နေကြောင်းပြောကြား

ကဘူးလ် ဇန်နဝါရီ ၂၇

တာလီဘန်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရေးသည် ဦးစားပေးရွေးချယ်ရမည့် ပြဿနာမဟုတ်တော့ကြောင်း အာဖဂန်နစ္စတန် သမ္မတ ဟာမစ်ကာဇိုင်းကပြောကြားပြီး စစ်သွေးကြွအချို့ကို လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ပေါင်းစည်းလာစေရန် စီစဉ်နေကြောင်း ဆက်လက်ပြောကြားသည်။

ဖော်ပြပါအစီအစဉ်ကို အနောက်အုပ်စုအစိုးရများက အပြည့်အဝ ထောက်ခံသည်ဟုလည်း တူရကီသမ္မတအဗ္ဗဒူလာဂါး၊ ပါကစ္စတန် သမ္မတအဆစ်အလီဇာဒါရီတို့နှင့် အစ္စတန်ဘူလ်မြို့တွင် တွေ့ဆုံဆွေးနွေးအပြီး သမ္မတကာဇိုင်းက သတင်းထောက်များအား ပြောကြားလိုက်သည်။

အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်၏ အစိတ်အပိုင်းမဟုတ်သည့် တာလီဘန်စစ်သွေးကြွများ သို့မဟုတ် အခြားအကြမ်းဖက်ကွန်ရက်တစ်ခုခု၏ အစိတ်အပိုင်းမဟုတ်သူများအား ကြိုဆိုပါကြောင်း၊ ၄င်းတို့အနေဖြင့် မိမိနိုင်ငံသို့ ပြန်လာပြီး လက်နက်ချကာ အာဖဂန်နစ္စတန်၏ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ဆက်လက်နေထိုင်သွားရန်လိုအပ်ကြောင်း စသည်ဖြင့် ကာဇိုင်းက ထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွား ငါးဦးသေဆုံး၊ ၂၀ဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အလယ်ပိုင်းရှိ ရဲဌာနအဆောက်အအုံအနီး၌ ဇန်နဝါရီ ၂၆ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၂၀ကျော်ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဘဂ္ဂဒက်မြို့တော် ကာရာဒါဒေသရှိ တာဟာရီရတ်ရင်ပြင်အရှေ့ရှိ မှုခင်းစုံစမ်းစစ်ဆေးရေးဌာနအနီး၌ ယင်းနေ့ နံနက် ၁၀နာရီ ၄၅မိနစ်က ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ အသေခံဗုံးခွဲသမားမှာ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသည့်ကားကို မှုခင်းစုံစမ်းစစ်ဆေးရေးဌာန ဝင်ပေါက်ဂိတ်အတွင်းသို့ အရှိန်ဖြင့် မောင်းဝင်ကာ ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

ဖြစ်ပွား

ဇန်နဝါရီ ၂၅ရက်ကလည်း ကားဗုံးခွဲတိုက်ခိုက်မှု သုံးကြိမ်ဖြစ်ပွားမှုကြောင့် အီရတ်ပြည်သူ ၃၆ဦးသေဆုံးပြီး ၇၀ကျော် ဒဏ်ရာရရှိခဲ့သည်။ အီရတ်နိုင်ငံအတွင်း လုံခြုံရေးတင်းကျပ်စွာ ချထားသည့်ကြားမှပင် အကြမ်းဖက်တိုက်ခိုက်မှုများမှာလည်း ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ် မစ်ဆန်ပြည်နယ် နေရာသုံးခု၌ တည်ဆောက်ရေးစီမံကိန်းများ စတင်မည်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၇

အီရတ်နိုင်ငံ မစ်ဆန်ပြည်နယ်အတွင်းရှိနေရာသုံးခု၌ ဟိုတယ်၊ ပန်းခြံနှင့်လူနေတိုက်ခန်းများတည်ဆောက်ရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များက စီစဉ်လျက်ရှိသည်ဟု မစ်ဆန်ပြည်နယ် အုပ်ချုပ်ရေးမှူး အက်ဂ်မိုဟာမက်ရှီအာအယ်လ်-ဆူဒါနီက အီရတ်သတင်းဌာနသို့ ဇန်နဝါရီ ၂၅ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အကောင်အထည်ဖော်

အဆိုပါပြည်နယ်အတွင်းရှိ ဒေသသုံးခုတွင် ယင်းတည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဟုဆိုသည်။ **(အင်တာနက်)**

ခေတ်မီ ကုန်တိုက်သစ် ဘဂ္ဂဒက်၌ တည်ဆောက်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အမေရိကန်ဒေါ်လာ ၂၁သန်း ကျခံသုံးစွဲမည့် ခေတ်မီကုန်တိုက် တည်ဆောက်ရေးစီမံကိန်းကို ဘဂ္ဂဒက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဇန်နဝါရီ ၂၅ရက်တွင် စတင်လိုက်သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

အပြီးတည်ဆောက်

အဆိုပါကုန်တိုက်ကို ဘဂ္ဂဒက်မြို့ အယ်လ်-ဒူရာခရိုင်၌ ခုနစ်လအတွင်း အပြီးတည်ဆောက်မည်ဖြစ်သည်ဟုဆိုသည်။

ဖန်တီးပေးနိုင်

ယင်းကုန်တိုက်တည်ဆောက်ပြီးစီးပါက အလုပ်အကိုင်သစ် ၅၀၀၀ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ကော်မရှင်က ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုအား ပုံကြီးချဲ့လိမ်ညာသည်ဆိုမှု မဟုတ်မှန်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကြေညာ

ဂျီနီဗာ ဇန်နဝါရီ ၂၇

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)သည် ဆေးဝါးကုမ္ပဏီကြီးများနှင့်ပူးပေါင်းကာ A(H1N1)တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုအတိုင်းအတာကို ပုံကြီးချဲ့လိမ်ညာခဲ့သည်ဆိုသော စွပ်စွဲချက်များမှာ မမှန်ကန်ကြောင်း ဒဗလျူအိတ်ချ်အိုက ဇန်နဝါရီ ၂၅ရက်တွင် ပြောဆိုငြင်းပယ်လိုက်သည်။

A(H1N1) တုပ်ကွေးရောဂါနှင့် စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သောသတင်းများမှာ တုပလိမ်ညာခဲ့သည်ဟူသော ဖော်ပြချက်မှာများယွင်းသည့်အပြင် တာဝန်မဲ့ရာကျကြောင်း ဂျီနီဗာမြို့၌ ဇန်နဝါရီ ၂၅ရက်က ထုတ်ပြန်သည့် ဒဗလျူအိတ်ချ်အို၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ငြင်းဆို

A(H1N1) တုပ်ကွေးရောဂါကိစ္စမှာ ဤရာစုနှစ်၏ အကြီးမားဆုံး ဆေးဝါးလိမ်ညာမှု အနိဋ္ဌာရုံတစ်ခုဖြစ်ကြောင်း ဥရောပကောင်စီ ကျန်းမာရေးကော်မတီ၏ ဖော်ပြချက်ကို ဒဗလျူအိတ်ချ်အိုက အထက်ပါအတိုင်း တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မိုဆူးလ်မြို့ စားသောက်ဆိုင်၌ ဗုံးပေါက်ကွဲ

မိုဆူးလ် ဇန်နဝါရီ ၂၇

အီရတ်နိုင်ငံ မိုဆူးလ်မြို့ မြောက်ပိုင်းရှိ စားသောက်ဆိုင်တစ်ဆိုင်အတွင်း၌ ဇန်နဝါရီ ၂၅ရက်က ဗုံးပေါက်ကွဲသဖြင့် ပစ္စည်းအများအပြား ပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို အဆွတ်အယ်လ်-အီရတ် သတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါဗုံးသည် စားသောက်ဆိုင်၏ ဒုတိယထပ်ရှိ ပလတ်စတစ်အိတ်တစ်အိတ်အတွင်းမှ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့အနီး၌ နေတိုးထောက်ပံ့ရေးယာဉ်တိုက်ခိုက်ခံရပြီးနောက် မြင်ကွင်းကို ဇန်နဝါရီ ၂၇ ရက်က တွေ့ရစဉ်။
(ဆင်ဟွာဓာတ်ပုံ)

အီရတ်နိုင်ငံ ရဲတပ်ဖွဲ့သင်တန်းကျောင်း၌ အကြမ်းဖက်နှိမ်နင်းရေးသင်တန်းပေးနေသည်ကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အင်ဒို-အမေရိကန် အကျိုးတူပူးပေါင်းရေး အရှိန်အဟုန်မြှင့် လုပ်ဆောင်မည်

ဂျကာတာ ဇန်နဝါရီ ၂၇

အင်ဒိုနီးရှားနှင့် အမေရိကန် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာထရီနာတာလီဂါဝါက ပြောကြားသည်။

ပြောကြား

ယခုနှစ်ပထမနှစ်ဝက်အတွင်း လုပ်ငန်းဆိုင်ရာအခက်အခဲများကို အတူတကွ ဖြေရှင်းသွားမည်ဖြစ်ပြီး ၄င်းနှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများကို အကျိုးတူအရှိန်အဟုန်မြှင့်လုပ်ဆောင်နိုင်ရေးကိုမျှော်လင့်ပါကြောင်း ယခင်နှစ်နိုင်ငံဆွေးနွေးမှုတွင် နာတာလီဂါဝါက ထည့်သွင်းပြောကြားသည်။

ဆွေးနွေးမည်

ယခုရက်သတ္တပတ်အတွင်း လန်ဒန်၌ကျင်းပမည့် အာဖဂန်ဆိုင်ရာ နိုင်ငံတကာညီလာခံတွင် အင်ဒိုနီးရှားနိုင်ငံက အမေရိကန်နှင့် နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကို အားသစ်လောင်းလုပ်ဆောင်ရန်ဆွေးနွေးမည်ဟု ထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟူမွလင်းမြို့၌ မြစန္ဒာတံတားဖွင့်

ဟုမ္မလင်း ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့ အင်းပေါက်ချောင်းရှိ ရပ်ကွက်ချင်းဆက် မြစန္ဒာတံတား ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၈နာရီက ဟုမ္မလင်းရပ်ကွက် ကမ်းနားလမ်းရှိ အဆိုပါတံတားမုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးနှင့် တံတားတည်ဆောက်ရေးကော်မတီဝင် ဦးကျော်စွာလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါတံတားမှာ အရှည်ပေ ၃၀၊ အကျယ် ၁၈ပေ၊ အမြင့် ၃၂ပေ ကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ငွေကျပ်သိန်း ၆၈၀ ကုန်ကျခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးလျက်ရှိရာ ကျွန်းကုန်းကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာ ဦးအောင်ကျော်လင်း၏ နေအိမ်ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ဇန်နဝါရီ ၁၅ရက်က အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်အေးတို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ဒေါပုံမြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၆ရက်က အထက(၁)ဒေါပုံကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ပထမဆုရ အမှတ်(၁)အမကမှ စတုတ္ထတန်းကျောင်းသူ မခင်ထက်ထက်ဆွေအား မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ဌေးက ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မိုင်းဖြတ်၌ ပညာပေး

မိုင်းဖြတ် ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၈ရက် နံနက် ၁၀နာရီက မိုင်းဖြတ် အထက၌ကျင်းပသည်။ ဟောပြောပွဲအခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့ ရဲမှူးမြသောင်းက အဖွင့်အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(ကျိုင်းတုံ)မှ ဦးအောင်မိုး၊ စစ်ဆေးရေးမှူး-၃ နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးအေးလွင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ရှင်းလင်းဟောပြောကြသည်။ **(အပေါ်ပုံ)**

ဟောပြော

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအဖွဲ့သည် ဇန်နဝါရီ ၁၉ရက်တွင် မိုင်းဖြတ်-ကျိုင်းတုံ ကားလမ်းဘေးတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများအား ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများလိုက်နာရေးဟောပြောဆွေးနွေးခဲ့သည်။

(ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး)

အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းနှင့် နံ့သာကုန်းဈေး (စက်ဘီးဝင်း) တာဝန်ခံ ဦးမြင့်သိန်းတို့ ဦးဆောင်မှုဖြင့် လက်တွေ့မီးငြိမ်းသတ်ရေး လေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၂ရက်က နံ့သာကုန်းဈေး (စက်ဘီးဝင်း)အတွင်း ဆောင်ရွက်စဉ်။ (၁၂၇)

ကျေးရွာစာကြည့်တိုက်ဆောက်လုပ်မှု မိုင်းခတ်မြို့နယ်၌ ကွင်းဆင်းစစ်ဆေး

မိုင်းခတ် ဇန်နဝါရီ ၂၇

ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိသော အလင်းရောင်စာကြည့်တိုက်ဆောက်လုပ်နေမှု အခြေအနေကို ဇန်နဝါရီ ၈ရက်က ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခမ်လျန်ဆုမ်း၊ မိုင်းခတ်မြို့နယ်ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်နှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးအောင်သန်းတို့က ကွင်းဆင်းစစ်ဆေးကြသည်။ **(အောက်ပုံ)**

ဆွေးနွေး

ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့်အဖွဲ့သည် စာကြည့်တိုက်ဆောက်လုပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာကြည့်တိုက်ကို သတ်မှတ်ရက်အတွင်း ဆောက်လုပ်ပြီးစီးရေး ရှင်းလင်းဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ရက်က အမှတ်(၈၈)ရပ်ကွက် အထက(၁)ကျောင်း၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး အောင်ကျော်စိုးဝင်းက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အန္တရာယ်တို့ကို ရှင်းလင်းဟောပြောသည်။ (ဝဲပုံ)

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နောက်ဆုံးရနိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်းများရှင်းလင်း

ကမ္ဘောဒီးယားနိုင်ငံသည် လွန်ခဲ့သည့် ၁၀နှစ်အတွင်း မြေမြှုပ်မိုင်းများဖုံးနေသည့် စတုရန်းကီလိုမီတာ ၂၇၀ရှိဒေသတွင် မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်း (ယူအိပ်စ်အို) နှစ်သန်းနီးပါးရှိနေကြောင်း၊ ယင်းပစ္စည်းများကို ရှင်းလင်းပြီးဖြစ်ကြောင်း မိုင်းရှင်းလင်းရေးအာဏာပိုင်အဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးက ဇန်နဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

တရုတ်-ဆွစ်ဇာလန် လွတ်လပ်စွာကုန်သွယ်မှုအကျိုးရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့အကြား ချုပ်ဆိုထားသည့် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ်သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးအတွက် အကျိုးရှိစေရုံသာမက ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို တစ်ကမ္ဘာလုံး တိုက်ဖျက်နေရာတွင်လည်း နမူနာဖြစ်စေလိမ့်မည်ဟု တရုတ်အဆင့်မြင့် ကူးသန်းရောင်းဝယ်ရေးအရာရှိ ဒုတိယကူးသန်းရောင်းဝယ်ရေးဝန်ကြီး ယီဆောင်ချွမ်းက ဇန်နဝါရီ ၂၆ ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှားဗဟိုဘဏ်အတိုးနှုန်း ဆက်ထိန်းထားမည်

အင်ဒိုနီးရှားဗဟိုဘဏ်သည် အင်ဒိုနီးရှားနိုင်ငံတွင် အထူးသဖြင့် ဆန်ဈေးနှုန်းအပါအဝင် သတ်မှတ်ဈေးနှုန်းများ မြင့်မားလာသဖြင့် ဇန်နဝါရီလတွင် ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်ခဲ့ရာမှ ငွေကြေးဖောင်းပွစေသော ဖိအားများရှိနေသည့်တိုင်အောင် ယင်း၏ သတ်မှတ်ထားသော အတိုးနှုန်းကို မပြောင်းလဲဘဲ ဆက်လက်ထိန်းထားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၇ ရက်က ဂျကာတာပို့စ်သတင်းစာ၌ ဖော်ပြသည်။

ဘရာဇီး၌ A(H1N1) ကာကွယ်ဆေးထိုးမည်

ဘရာဇီးအစိုးရသည် A(H1N1) တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လှုံ့ဆော်လှုပ်ရှားမှုကို မတ်လမှစ၍ အဆင့်လေးဆင့် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီး ဂျို့စ်ဂိုမက်စ်တမ်ပိုရောက ဇန်နဝါရီ ၂၆ ရက်တွင်ကြေညာသည်။ ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနသည် ကြိုတင်ကာကွယ်ဆေးလုံး ၈၃ သန်းကို စုဆောင်းထားကြောင်း၊ လူ ၈၁သန်း အခမဲ့ရရှိကြမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့စီးပွားရေး လျင်မြန်စွာဦးမော့လာနိုင်

ကမ္ဘာ့စီးပွားရေးသည် ကြိုတင်မျှော်လင့်ထားသည်ထက် လျင်မြန်စွာဦးမော့လာနိုင်ကြောင်း၊ ယခုနှစ်တွင် ၃ ဒသမ ၉ ရာခိုင်နှုန်းတိုးမည်ဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် ၄ဒသမ၃ရာခိုင်နှုန်း တိုးမြင့်မည်ဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ဇန်နဝါရီ ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။

တရုတ်ဒုတိယဝန်ကြီးချုပ် ဆွစ်ဇာလန်သမ္မတနှင့်ဆွေးနွေး

ဆွစ်ဇာလန်နိုင်ငံတွင် လာရောက်လည်ပတ်နေသော ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် လီဘီကင်းသည် ဆွစ်ဇာလန်သမ္မတ ဒိုရစ်လူ့ဟတ်နှင့် ဇန်နဝါရီ ၂၆ ရက်ကတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ကုန်သွယ်မှုကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒဆန့်ကျင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အာဖဂန်ကြွေးမြီကိစ္စ ကမ္ဘာ့ဘဏ်ထောက်ပံ့မည်

ကမ္ဘာ့ဘဏ်၏ နိုင်ငံတကာဖွံ့ဖြိုးရေးအသင်း (အိုင်ဒီအေ)နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)တို့သည် အာဖဂန်နစ္စတန်ကြွေးမြီလျှော့နည်းသက်သာစေရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ ထောက်ပံ့မည့်ကိစ္စကို သဘောတူညီခဲ့ကြသည်။

ငှက်ဖျားနှင့်ကာလဝမ်းရောဂါ ကာကွယ်ဆေးထုတ်လုပ်

ဗဟိုဖလော်ရီဒါတက္ကသိုလ် ဇီဝဆေးဝါးဆိုင်ရာသုတေသီ ဟင်နရီဒင်နီယယ်သည် ငှက်ဖျားရောဂါနှင့်ကာလဝမ်းရောဂါ နှစ်မျိုးစလုံးအတွက် ဈေးနှုန်းသက်သာသော ကာကွယ်ဆေးကို ပထမဦးဆုံး တီထွင်ထုတ်လုပ်လိုက်နိုင်ပြီဖြစ်ကြောင်း အဆိုပါတက္ကသိုလ်က ဇန်နဝါရီ ၂၆ ရက်တွင် သတင်းထုတ်ပြန် ဖော်ပြသည်။

တရုတ်အနောက်ပိုင်း၌ နှင်းမုန်တိုင်းကျ၊ ၁၃ဦးသေဆုံး

*တရုတ်ပြည်သူ့သမ္မတနိုင်ငံအနောက်ပိုင်း စင်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နှစ်ပေါင်း ၆၀ အတွင်း အဆိုးရွားဆုံး နှင်းမုန်တိုင်းကျရောက်နေပြီး ရေခဲလောက်အောင်အေးမြနေသဖြင့် ၁၃ ဦးထက်မနည်းသေဆုံးပြီး အများအပြား ဒုက္ခရောက်ကြရသည်ဟု ဇန်နဝါရီ ၂၆ရက်က သတင်းရရှိသည်။ **(အောက်ပုံ)***

နိုင်ဂျီးရီးယားရဟတ်ယာဉ်ပျက်ကျ၊ လေးဦးသေဆုံး

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းတွင် ရေတပ်ပိုင်ရဟတ်ယာဉ်တစ်စင်း ပျက်ကျသဖြင့် လေးဦးသေဆုံးသွားကြောင်း ဒေသဆိုင်ရာမီဒီယာများ၌ ဖော်ပြသည်။ သေဆုံးသူများတွင် အရာရှိသုံးဦးနှင့် အခြားအဆင့်တစ်ဦးပါဝင်ကြောင်း ဖော်ပြထားသည်။ (အင်တာနက်)

■ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြခန်းများနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ကျင်းပသွားမည်

ညီလာခံကို ဇန်နဝါရီ ၃၀ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်းမှ စာတမ်းရှင် ၁၂ ဦးနှင့် ပြည်ပမှ စာတမ်းရှင် ၁၀ဦးတို့က စာတမ်းများ ဖတ်ကြားမည့်အပြင် ဟောပြောပို့ချပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အကြိမ် (၃၀)မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းနှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အသင်းချုပ်တို့ ဧကာဒသမအကြိမ် ပူးတွဲအစည်းအဝေးဖွင့်ပွဲတွင် ပြသထားသော ပြခန်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❐ *ရှေ့ဖုံးမှ*

သွေးပေါင်ကိုးစေ၍ သွေးတိုးနှင့် နှလုံးရောဂါများ ဆက်စပ်ဖြစ်ပွားနိုင်ကြောင်း မြောက်ကယ်ရိုလိုင်းနား ဆေးတက္ကသိုလ်မှ သုတေသနပညာရှင်အဖွဲ့က လေ့လာတင်ပြခဲ့ခြင်းဖြစ်သည်။

လေ့လာတင်ပြ

သွေးတိုးနှင့် နှလုံးရောဂါဖြစ်ပွားမှုရှောင်ကြဉ်နိုင်ရန်အတွက် ကစီဓာတ်နည်းပါးသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ ငါးတို့ကို နေ့စဉ်စားသုံးပေးသင့်ကြောင်း ယင်းအဖွဲ့က လေ့လာတင်ပြထားသည်။

သိသိသာသာလျော့ကျ

ယင်းသုတေသနအဖွဲ့သည် ကစီဓာတ်များသော အစားအစာများကို အုပ်စုတစ်စုသို့ နေ့စဉ်ကျွေးမွေးပြီး အခြားအုပ်စုတစ်စုအား ကစီဓာတ်နည်းသော အစားအစာများ နေ့စဉ်ကျွေးမွေးခဲ့ရာ လေးပတ်အကြာတွင် ကစီဓာတ်နည်းသောအစားအစာများကို ကျွေးသောအုပ်စုမှာ သိသိသာသာ ကိုယ်အလေးချိန်လျော့ကျခဲ့သည်ဟု ဆိုသည်။

ပြွန်တန်ဆာအသင်းနှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ပြွန်တန်ဆာအသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ပြွန်တန်ဆာဒေသဖွားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသင်းဝင်များ၏ အသက် ၇၅နှစ် ပြည့်ပြီးသောမိဘများစာရင်း၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော သားသမီးများ၏ မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပေးသော အမှတ်စာရင်း မိတ္တူတို့ကို နာယက ဦးဘသောင်း ဖုန်း- ၂၂၁၇၈၀၊ ဥက္ကဋ္ဌဦးသောင်းလွင် ဖုန်း -၅၄၂၅၉၈၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးတင်မောင်အေး ဖုန်း-၆၆၃၀၈၅၊ ဦးအောင်ကြည် ဖုန်း-၅၁၀၄၀၂နှင့် ဦးကျော်သိန်း ဖုန်း-၆၄၂၆၆၁၊ အတွင်းရေးမှူး ဦးညွန့်ကြည် ဖုန်း-၅၀၂၇၀၃၊ တွဲဖက်အတွင်းရေးမှူးများ ဖြစ်ကြသော ဦးစောလှ ဖုန်း-၂၉၈၈၂၇နှင့် ဦးခင်ရွှေ ဖုန်း-၂၉၅၁၂၃၊ အမှုဆောင်များဖြစ်ကြသော ဒေါ်လှမူမူ ဖုန်း-၅၁၁၁၅၈နှင့် ဒေါ်ခင်သက်နိုင် ဖုန်း-၃၇၁၇၂၀ တို့သို့ ဖေဖော်ဝါရီ ၁၄ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

မော်လမြိုင်ကျွန်းမြို့နယ်၌ မူလတန်းကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၇

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကျားဟုန်းကျေးရွာအုပ်စု ကျားဟုန်းကျေးရွာတွင် Plan နှင့် BAJ က လှူဒါန်းတည်ဆောက်ပြီးစီးသွားသော မုန်တိုင်းဒဏ်ခံ သံကူကွန်ကရစ် မူလတန်းကျောင်းဆောင်သစ် ပေ ၈၀ × ပေ ၃၀ × ၁၂ပေ လေးခန်းတွဲ ရေလောင်းအိမ်သာ၊ ရေတုံကင်၊ ကျောင်းသုံးပရိဘောဂများနှင့် အားကစားပစ္စည်းများအား လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ရက် နံနက် ၁၀နာရီက ကျားဟုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

ဖွင့်ပွဲတွင် BAJ ဌာနေကိုယ်စားလှယ်နှင့် မြို့နယ်ပညာရေးမှူး ကိုယ်စား မော်လမြိုင်ကျွန်းမြို့ အထက(၂) ကျောင်းအုပ်ကြီး ဦးလှအောင်တို့က အမှာစကားပြောကြားကြပြီး ကျောင်းဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်း CD အား မြို့နယ် BAJ စီမံကိန်းမန်နေဂျာ ဦးအေးကိုဝင်းက ကျောင်းအုပ်ကြီး ဦးကျော်မျိုးဆန်းထံ လွှဲပြောင်းပေးအပ်လိုက်သည်။

ထို့နောက် ကျောင်းဆောင်သစ်ဆောက်လုပ်မှု ဂုဏ်ပြုမှတ်တမ်းလွှာကို ကျောင်းအကျိုးတော်ဆောင် ဦးကျော်ဦးက BAJ အဖွဲ့ကိုယ်စား အင်ဂျင်နီယာ ဦးနေမျိုးထံ ပေးအပ်ပြီး ဂုဏ်ပြုအမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ (၁၄၂)

စာရေးနည်းအခြေခံလမ်းညွှန် သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်မည့် စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းကို ဇန်နဝါရီ ၃၀ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ဖွင့်ပွဲကျင်းပမည်ဖြစ်သဖြင့် သင်တန်းဝင်ခွင့် လျှောက်ထားသူများ တက်ရောက်ကြရန် သက်ဆိုင်ရာက အကြောင်းကြားထားသည်။ အဆိုပါစာရေးနည်း အခြေခံလမ်းညွှန်သင်တန်းကို ဇန်နဝါရီ ၃၀ရက် နံနက် ၁၀ နာရီမှ စတင်သင်ကြားပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၈-၁-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓမ္မသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဘဝတန်ဖိုး လူ့တန်ခိုး** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်ပညာရေးတက္ကသိုလ် ၁၉၇၄-၁၉၇၉ နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲနှင့် အမှတ်တရ တွေ့ဆုံပွဲ
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄)
၈:၃၀ Sports World (Player's Live)
၈:၅၅ **ဒါနရွှေအိုး တူးဖော်ပေးရာ....**
၉:၀၅ Activities in the City [(၁၀)ကြိမ်မြောက် ဘုရင့်နောင်ဈေး သွေးလှူဒါန်းပွဲ]
၉:၃၅ Style ရှိမှ Star ဖြစ်မယ်
၁၀:၀၅ မြတ်စိန္တေကို ရည်စူးလို့ အလင်းတိုင်နှင့် ပူဇော်မယ်
၁၀:၁၅ မန်းမြေမှ မောင်မြန်မာ
၁၀:၂၅ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အထက်မြန်မာပြည်ရှိ တက္ကသိုလ် ဒီဂရီကောလိပ်များနှင့် ပညာရေးကောလိပ်များ၏ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ
၁၀:၅၀ Science Tech Today ရေခဲခေတ်ငယ်တစ်ခု တကယ် စတော့မှာလား [ဒေါက်တာ-ဦးထွန်းလွင်၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၁:၄၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မေသူနှင့်တွေ့ဆုံခြင်း)
၁၂:၀၅ Activities in the City (မော်လမြိုင်ကောလိပ်သင်္ချာဘာသာ အာစရိယပူဇော်ပွဲ)
၁၂:၃၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်-အဆိုတော်အစ္စဏီ)
၁:၀၀ **ဘဝတန်ဖိုး လူ့တန်ခိုး** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (Rock ကမ်းခြေ)
၃:၂၀ မန်းမြေမှ မောင်မြန်မာ
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄)
၄:၀၅ Activities in the City [(၁၀)ကြိမ်မြောက် ဘုရင့်နောင်ဈေး သွေးလှူဒါန်းပွဲ]
၄:၂၅ မြန်မာ့ပန်းပု အနုပညာပွဲတော် (အနုပညာရှင်များ) (ဒါရိုက်တာ-နေမင်းမြတ်)
၄:၅၅ ဒါနရွှေအိုး တူးဖော်ပေးရာ....
၅:၀၅ အနုပညာမိုးကောင်းကင်
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မေသူနှင့်တွေ့ဆုံခြင်း)
၆:၄၀ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အထက်မြန်မာပြည်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ပညာရေးကောလိပ်များ၏ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ
၇:၀၀ Fashion Music Festival (Rock ကမ်းခြေ)
၇:၃၅ ရန်ကုန်ပညာရေးတက္ကသိုလ် ၁၉၇၄-၁၉၇၉ နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲနှင့် အမှတ်တရတွေ့ဆုံပွဲ
၈:၀၀ MRTV-4 သတင်း
၈:၄၀ Style ရှိမှ Star ဖြစ်မယ်
၉:၀၅ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄)
၁၀:၀၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင်-အဆိုတော် အစ္စဏီ)
၁၀:၂၅ Myanmar Aikikai New Organization ၏ ဝေဠုဝန်ပရဟိတ ဘုန်းတော်ကြီးကျောင်းသို့ ကျောင်းဆောင်သစ် ရေစက်ချ လှူဒါန်းပွဲနှင့် ဖျော်ဖြေပွဲ
၁၀:၄၅ ဆီးချိုသွေးချို ရောဂါဆိုင်ရာ လွဲမှားချက်များ (အပိုင်း-၂) (ပါမောက္ခဒေါက်တာ တင့်ဆွေလတ်)
၁၁:၀၅ အနွေးထွေးဆုံး လက်တစ်စုံ
၁၁:၂၀ ဒွါရာဝတီ၏ အနုပညာ.... ဝါးရက်ကန်းလက်ရာ
၁၁:၃၅ မံဆောင်းတံတား
၁၁:၄၀ အတ္တရံ မြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ ရွာကလေး
၁၁:၄၅ ကမ္ဘာ့စုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Asian Development Tour Air Bagan Myanmar Masters 2010
ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

Asian Development Tour နှင့် မြန်မာပီဂျီအေတို့ ပူးပေါင်းစီစဉ်ပြီး Air Bagan Ltd. က အဓိကပံ့ပိုးကူညီ၍ International Beverages Trading Co., Ltd. (IBTC) က ထပ်မံပံ့ပိုးကူညီသည့် Air Bagan Myanmar Masters 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးနှင့် ပတ်သက်၍ စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကလပ်၌ ကျင်းပသည်။

အမှာစကား

စာနယ်ဇင်းတွေ့ဆုံပွဲတွင် ရှေးဦးစွာ Air Bagan Ltd. မန်နေးဂျင်းဒါရိုက်တာ ဦးထူးသက်ထွေးက အမှာစကားပြောကြားသည်။ ယင်းနောက် Asian Tour မှ Executive Chairman ဦးကြည်လှဟန်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသော ဂေါက်သီးရိုက် အားကစားသမားများက ပြိုင်ပွဲအတွက် ပြင်ဆင်ထားမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော စာနယ်ဇင်းမီဒီယာများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ထို့နောက် Air Bagan Ltd. မန်နေးဂျင်းဒါရိုက်တာ ဦးထူးသက်ထွေးက Asian Tour မှ Executive Chairman ဦးကြည်လှဟန်ထံ Challenge Trophy ကို ပေးအပ်သည်။ **(အောက်ပုံ)**

ကြည့်ရှုအားပေးနိုင်

ယခုမြန်မာနိုင်ငံတွင် ကျင်းပမည့် Air Bagan Myanmar Masters 2010 ပြိုင်ပွဲကို အမေရိကန်၊ အင်္ဂလန်၊ ဖင်လန်၊ သြစတြေးလျ၊ ဆွီဒင်၊ စပိန်၊ ဘရာဇီး စသည့်နိုင်ငံ ၁၉နိုင်ငံမှ ပြည်တွင်းပြည်ပ ဂေါက်သီး ကစားသမားများ စုစုပေါင်း ၁၀၀ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ပြီး ပြိုင်ပွဲကို ဇန်နဝါရီ ၂၈ရက်မှ ၃၁ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ဂေါက်သီးအားကစားဝါသနာရှင်များအနေဖြင့် ပြိုင်ပွဲရက်များအတွင်း ဝင်ကြေးအခမဲ့ဖြင့် လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

ကူညီပံ့ပိုး

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် Air Bagan Ltd. က အဓိကကူညီပံ့ပိုးပြီး Presenting Sponsor အဖြစ် International Beverages Trading Co., Ltd. (IBTC) က ထပ်မံကူညီပံ့ပိုးပေးကာ Max Myanmar, Pun Hlaing Golf Club, Hotel Yangon, MGF, MPGA တို့ကလည်း ထပ်မံကူညီပံ့ပိုးပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြိုးတံတားပြုပြင်ပြီးစီး

လေဘေးသင့်ခဲ့ရသော ကျေးရွာအုပ်စုများဖြစ်သည့် ဧရာဝတီတိုင်း ဖျာပုံမြို့နယ် ကျုံကူကျေးရွာနှင့် ဖျာပုံမြို့မ (၇)ရပ်ကွက်အကြား ဆက်သွယ်ဆောက်လုပ်ထားသော ကြိုးတံတားကို ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြန်လည်ပြုပြင်ပေးခဲ့ရာ ခရီးသည်များ ဖြတ်သန်း သွားလာနေကြသည်ကို တွေ့ရစဉ်။ (၁၃၈)

* ရှမ်းဖုံးမှ

ကွန်ရက်သဖွယ်

တပ်မတော်အစိုးရ တာဝန်ယူပြီး နောက်ပိုင်း မြန်မာနိုင်ငံအနှံ့အပြား တောင်ပေါ် မြေပြန့် မြေလတ်မကျန် လမ်းများဖောက်၊ တံတားများဆောက် ပေးခဲ့သည်။ ယခင် မြေသားလမ်းကို ကျောက်ချောလမ်း၊ ကတ္တရာလမ်းအဖြစ်သို့ လည်းကောင်း၊ လမ်းသစ်များ တိုးချဲ့ ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ မြစ်ကူး၊ ချောင်းကူး တံတားကြီး၊ တံတားလတ်၊ တံတားငယ်အသွယ်သွယ်ကို တည်ဆောက် ပြုပြင်ပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှု များကို ဆောင်ရွက်ပေးခဲ့သည်။ သို့အတွက် ကြောင့် မြန်မာနိုင်ငံ၏ တောင်ဘက်မှ သည် မြောက်ဘက်၊ အရှေ့ဘက်မှသည် အနောက်ဘက် ကွန်ရက်သဖွယ် ကူးလူး ယှက်သွယ် သွားလာနိုင်ခဲ့ပေပြီ ဖြစ်သည်။

မကြာမီက မကွေးတိုင်း ဂန့်ဂေါခရိုင် ကျောက်ထုမြို့သို့ တည်ဆောက်ပြီး ဆည်၊ တမံသတင်းများ ကိုယ်တွေ့လေ့လာရန် ရောက်ရှိခဲ့သည်။ ကျောက်ထုမြို့သည် ပခုက္ကူမြို့နှင့် ၇၈မိုင်ကွာဝေးသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၂၅၀တွင်ရှိပြီး တောင်ပိုင်း ချင်းပြည်နယ်၏ ထွက်ပေါက်တံခါးဖြစ်၍ ရာသီဥတုမှာ မပူလွန်း၊ မအေးလွန်း နေထိုင်၍ကောင်းလှ သည်။

အခက်အခဲ

သတင်းအဖွဲ့နှင့် လိုက်ပါလာသော ပခုက္ကူမြို့နယ် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံးမှ ဦးစီးအရာရှိ ဦးထွန်းထွန်းအောင်က "ယခင်ကဆို ကျောက်ထုနှင့် ပခုက္ကူကို လမ်းပန်းအခက်အခဲကြောင့် တစ်ခါတစ်ရံ နှစ်ညအိပ်၍ပင် ခရီးသွားရကြောင်း၊ အနည်းဆုံးတော့ တစ်ညအိပ်ခရီးသွားရ ကြောင်း၊ ယခင်က ပခုက္ကူနှင့် ပေါက်မြို့ သည် မြေသားလမ်းဖြစ်၍ ယခုတော့ ကတ္တရာလမ်းဖြစ်ကြောင်း၊ ပခုက္ကူနှင့် ကျောက်ထုမြို့ကြားတွင် တက်မတောင်၊ ပုံတောင်၊ ပုံညာတောင်များရှိကြောင်း၊ တောင်ပေါ်မြေသားလမ်းများဖြစ်၍ တောင် ကမ်းပါးယံများမှ ခက်ခက်ခဲခဲ သွားရ ကြောင်း၊ ယခုအခါ တောင်ပေါ်လမ်း များမှာလည်း ကတ္တရာလမ်းများဖြစ်ပြီး ပျက်စီးလျှင် အပိုင်းလိုက် ပြင်ဆင်ပြုပြင် ပေးနေကြောင်း၊ ပခုက္ကူနှင့် ကျောက်ထု အကြား ပေါက်မြို့နယ်၏ ရေပြာတံတား နှင့် အုန်းတောတံတားနှစ်စင်းကိုလည်း နိုင်ငံတော်က တည်ဆောက်ပြုပြင်ပေးပြီး ဖြစ်၍ ယခင် နှစ်ညအိပ်သွားရသော ခရီး ကို ယခုအခါ နေ့ချင်းပြန်ပင် သွားလို့ရနေ ပြီဖြစ်ကြောင်း" ဟု လမ်းခရီးကောင်းမွန် မှုကို ရှင်းပြသည်။

ကျောက်ထု

ဦးစီးအရာရှိ ဦးထွန်းထွန်းအောင်၏ ပြောကြားချက်မှာ မှန်ကန်လှသည်။ ပုံတောင် သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ပေ ၂၂၀၀၌ရှိပြီး ပုံညာတောင်သည် ပေ ၁၂၅၀ ရှိသည်။ တောင်ပေါ်လမ်း၏ ပျက်စီးနေရာများကို လမ်းကြိတ်စက်များ ဖြင့် ပြန်လည်ပြင်ဆင် ကတ္တရာခင်းနေသည် ကို မြင်တွေ့ရ၍ဖြစ်သည်။ ကျောက်ထု မြို့သို့ ရောက်ရှိပါပြီ။ ပခုက္ကူမြို့မှ ၇၈မိုင် သာ ဝေးသော်လည်း အချိန်လေးနာရီကြာ ကားမောင်းရသည်။ တောင်သုံးတောင်ကို တောင်တက်၊ တောင်ဆင်း ကွေ့ဝိုက်ကာ တောင်ကမ်းပါးယံများကို သတိထား ဖြတ်ကျော် မောင်းနှင်လာရ၍ဖြစ်သည်။ ကားလမ်းတစ်ဖက်တွင် **"ကျောက်ထုမြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏"** ဟူသော စာသား နှင့် တစ်ဖက်တွင် ကျောက်ထုမြို့မှ ခင်မင်စွာ နှုတ်ခွန်းဆက်ပါ၏ စာသားပါရှိသော ကျောက်စာတိုင်ကို သေသပ်လှပစွာ မြို့ အဝင် တောင်တက် ကတ္တရာကားလမ်း ဘေးတွင် စိုက်ထူထားသည်ကို မြင်တွေ့ရ သည်။

ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၂၅၀ရှိ မကွေးတိုင်း ဂန့်ဂေါခရိုင် ကျောက်ထုမြို့အဝင်ကျောက်စာတိုင်က သတင်း ခရီးသည်ကို ဤသို့ ကြိုဆိုလျက်ရှိသည်။ (မြန်မာ့အလင်း)

သမိုင်းကြောင်း

ကျောက်ထုမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ဝင်ရောက်ပြီး အထွေထွေ အုပ်ချုပ်ရေးမှူး ဦးအောင်လင်းနှင့်တွေ့ဆုံ ရာ ကျောက်ထုမြို့၏ သမိုင်းကြောင်းကို ပြောပြရာတွင်- "ကျောက်ထုမြို့သည် ယခင်က ဂန့်ဂေါခရိုင် ဆောမြို့နယ်၏ ရွာကြီးတစ်ရွာအဖြစ် ပါဝင်ခဲ့ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ၆-၅-၂၀၀၄ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ကျောက်ထု မြို့အဖြစ် စတင်ဖွဲ့စည်း သတ်မှတ်ပေးခဲ့ ကြောင်း၊ ရှေးအခါက ယောနကတိုင်း ဟုခေါ်ဆိုသည့် ယောဒေသဖြစ်ပါကြောင်း၊

ယခင်က မြေသားလမ်းဖြစ်သော ပုံတောင်၊ ပုံညာတောင်ပေါ်လမ်းသည် ယခု အခါ ကတ္တရာလမ်း ဖြစ်နေပေပြီ။ (မြန်မာ့အလင်း)

မြန်မာသက္ကရာဇ် ၃၇၉ခုနှစ် နန်းတက် အနော်ရထာမင်းစော၏ နိုင်ငံတော်လုံခြုံရေး ကင်းမြို့ ၄၃မြို့တွင် တစ်ခုအပါအဝင်ဖြစ် ကြောင်း၊ ယောနကတိုင်း၊ ငယောမြို့၊ ကျန်ဘတ်မြို့၊ ကြခတ်မြို့၊ ယောမြို့ဟု အမည်ငါးမြို့ဖြင့် ခေါ်ဆိုခဲ့ကြကြောင်း" ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဖွံ့ဖြိုးတိုးတက်ရေး

"ကျောက်ထုမြို့သည် လမ်းပန်း ဆက်သွယ်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အချက်အချာကျသော နေရာတစ်ခုဖြစ်၍ ၁၉၈၈ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရ လက်ထက်တွင် ပြောင်းလဲလာသော ခေတ် စနစ်နှင့်အညီ ခေတ်မီအုပ်ချုပ်ရေးစနစ် ထူထောင်ရန်နှင့် နယ်စပ်ဒေသအုပ်ချုပ်ရေး စနစ်ထူထောင်ရေးအတွက် မြို့အဖြစ် ဖွဲ့စည်းခဲ့ပြီး အစိုးရဌာနပေါင်း ၂၁ခုဖြင့် ကျောက်ထုမြို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကို ဆောင်ရွက်လျက်ရှိကြောင်း" ဖြင့် ဆက်လက်ရှင်းပြသည်။ ကျောက်ထုမြို့ ဖွံ့ဖြိုးတိုးတက်လာခြင်းကို ဆက်လက် ရှင်းပြရာတွင်- "ကျောက်ထုမြို့တွင် ယခင်က ချင်းတောင်တန်းများမှ မြစ်ဖျားခံ စီးဆင်းလာသော ယောချောင်းနှင့် ချီချောင်း ရေကို ၁၀မိုင်ခန့်ရှည်လျား ဖောက်လုပ် ထားသော မြောင်းကြီးမှရေဖြင့် လယ်မြေ ဧက ၅၀၀ခန့်ကို စိုက်ပျိုးရန် ရေပေးဝေနိုင် ခဲ့သော်လည်း ယခုအခါ ခေတ်မီနည်းစနစ် များဖြင့် ရေသွယ်ယူ၍လည်းကောင်း၊ တည်ဆောက်ပြီး ဆည်ငယ်၊ ကန်ငယ် ကိုးခုဖြင့်လည်းကောင်း လယ်မြေ ၂၇၈၉ ဧကကို စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ကြောင်း၊ ကျေးရွာများ၏ ကိုယ့်အားကိုယ်ကိုး ဆည် ငယ်၊ မြောင်းငယ် ၁၁ခုဖြင့်လည်း လယ်မြေ ၂၀၇၉ဧကအတွက် စိုက်ပျိုးရေရရှိခဲ့ ကြောင်း၊ မြို့နေလူထု သောက်သုံးရေ ရရှိရန် ယောချောင်း၏ လက်တက်ချီချောင်း မှတစ်ဆင့် ရေစုကန်ပြုလုပ်ကာ ပိုက်ဖြင့် ရေသွယ်ယူပြီး ကျောက်ထုမြို့ ရေပေးဝေ ကန် ပြုလုပ်ထားရှိကြောင်း၊ မြို့နယ်စည်ပင် သာယာရေးက ရေတိုင်များ ပြုလုပ်ကာ မြို့ရေပေးဝေရေးစနစ်ပြုလုပ်ပြီး ရေပေးဝေ လျက်ရှိကြောင်း၊ မြို့နှင့် ကျေးရွာ လျှပ်စစ် မီးကို ယောချောင်းနှင့် ချီချောင်းမှ စီးဆင်း သော ရေအားကို အသုံးပြု၍ တာဘိုင် ၃စလုံးဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေး သည့်အပြင် ကျေးရွာ ၁၀ရွာတွင် ကိုယ့်အား ကိုယ်ကိုး မီးစက် ၁၂လုံးရှိကြောင်း" ရှင်းပြသည်။

စိုက်ပျိုးရေး

ကျောက်ထုမြို့ ဖွဲ့စည်းတည်ဆောက် ပုံနှင့် စိုက်ပျိုးထုတ်လုပ်မှုတို့ကို ဆက်လက် ရှင်းပြပြောဆိုရာ "ကျောက်ထုမြို့အတွင်း ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉အုပ်စုနှင့် ကျေးရွာပေါင်း ၄၃ရွာရှိ ကြောင်း၊ မြို့နှင့် ကျေးရွာအိမ်ခြေပေါင်း ၆၃၂၂ အိမ်ရှိပြီး လူဦးရေ ၃၃၀၀၀ ကျော် ရှိကာ မြန်မာလူမျိုး ၉၉ ရာခိုင်နှုန်းနှင့် ချင်းလူမျိုးတို့ နေထိုင်ကြကြောင်း၊ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်း ဖြစ်ပြီး ယခင်က မိုးကိုသာ အားကိုးစိုက်ရ ၍ ဧကတစ်သောင်းခန့်သာ စိုက်ပျိုးနိုင်ခဲ့ ကြောင်း၊ ယခုမူ မိုးစပါး စိုက်ဧက ၁၇၂၂၅ ဧကနှင့် နွေစပါး ၂၇၇၈ ဧကရှိကြောင်း၊ အခြားဆောင်းသီးနှံများဖြစ်သော ကြက်သွန် ဖြူ၊ နေကြာ၊ နှမ်း၊ ပြောင်း၊ မြေပဲ၊ ပဲပုပ်၊ ကုလားပဲ၊ စားတော် ပဲ၊ ပဲလွန်း၊ ပဲနောက် တို့တွင် မြေပဲနှင့် ကြက်သွန်ဖြူသည် သတ်မှတ်လျာထားနှုန်းထက် ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခင်က စပါးကို မိုးကောင်းသောက် မိုးစပါးသာ စိုက်ပျိုးရ ပြီး နွေစပါးကို လုံးဝမစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုအခါ မိုးစပါး၊ နွေစပါးနှင့် အခြား ဆောင်းသီးနှံများပါ တစ်နှစ် သုံးသီး စိုက်ပျိုး နိုင်နေပြီဖြစ်ကြောင်း" ဖြင့် ဆက်လက် ရှင်းပြသည်။

"ကျောက်ထုမြို့ အတွင်းမှာ ယခင်က မိုးကောင်းသောက်စပါးသာ စိုက်နိုင်ခဲ့ပြီး ယခုတော့ မိုးစပါး၊ နွေ စပါး၊ ဆောင်းသီးနှံ သုံးမျိုးစိုက်နိုင်ပါ ပြီ"

ဦးအောင်လင်း(အုပ်ချုပ်ရေးမှူး)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကျောက်ထုမြို့။

ကျန်းမာရေး

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် (၁၆)ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ကျေးလက် ကျန်းမာရေးဌာန သုံးခု၊ ဌာနခွဲ ၁၃ခုရှိ သည်။ ပညာရေးကဏ္ဍတွင် အထက်တန်း ကျောင်း တစ်ကျောင်း၊ ကျောင်းခွဲ လေး ကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်း၊ မူလတန်းလွန်ကျောင်း ခြောက်ကျောင်း၊ မူလတန်းကျောင်း ၄၀ရှိသည်။ ၂၀၀၈-၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုရာတွင် ကျောက်ထုမြို့မှ ၆၀၁ဦး ဖြေဆိုပြီး ၂၅၂ဦး အောင်မြင်သဖြင့် ၄၁ ဒသမ ၉၃ရာခိုင်နှုန်း အောင်မြင်၍ မြန်မာတစ်နိုင်ငံလုံး Top Ten တွင် မဖြု စင်မင်းက အဆင့် ၁၀ရရှိကာ ကျောက်ထု မြို့ ဂုဏ်ဆောင်ခဲ့သည်ဟု သိရသည်။ ကျောက်ထုမြို့သည် ဖွံ့ဖြိုးတိုးတက်လာ သည့်အလျောက် ယခင်က ခရီးသွားလိုသူ များ ခရီးသည်တင်ကား သီးသန့်မရှိဘဲ ကုန်တင်ကားများဖြင့်သာ စီးနင်းသွားလာ နေခဲ့ရပြီး ယခုအခါ ကျောက်ထုမှသည် ပခုက္ကူ-မန္တလေး၊ ဂန့်ဂေါ၊ ချင်းပြည်နယ် မင်းတပ်မြို့အထိ ခရီးသည်တင် သီးသန့် မှန်လုံကားများဖြင့် ပြေးဆွဲပေးနေပေပြီ။

ကျောက်ထုမြို့တွင် ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားသည့် ချောင်းဖြတ်ကူး ကြိုးတံတား ခုနစ်စင်းရှိရာ ငါလွန်းကျေးရွာနှင့် ကျောက်မြကျေးရွာဆက်သွယ်ထား သော ဒို့ညီနောင်ကြိုးတံတား။ (မြန်မာ့အလင်း)

တံတား

သွားလာမှု လွယ်ကူအဆင်ပြေရေး အတွက် ကျောက်ထုမြို့အတွင်း ဂုံးဘို တံတား၊ နသိုးတံတား၊ တပြင်းတံတား သုံးစင်းတို့သည် ပေ ၁၈၀အထက်တံတား များဖြစ်၍ နိုင်ငံတော်က တည်ဆောက်ပေး ခဲ့ပြီး ချောင်းဖြတ်ကူးသည့် ကြိုးတံတား ခုနစ်စင်းကို ဒေသခံများက ကိုယ့်အား ကိုယ်ကိုး တည်ဆောက်ခဲ့ကြသည်။ ငါလွန်း ကျေးရွာနှင့် ကျောက်မြကျေးရွာ ချောင်းဖြတ် ကူးတံတား၊ ပင်တောင်ကျေးရွာနှင့် တပြင်း ကျေးရွာ ချောင်းဖြတ်ကူးတံတား၊ မိအယ် ကျေးရွာ ချောင်းကူးတံတား၊ လေးရွာနှင့် ကျောက်ထုမြို့ကူးတံတား၊ လက်ပန်း ကျေးရွာနှင့် ပဆုပ်ကျေးရွာ ချောင်းဖြတ် တံတား၊ တောကလွန်ကျေးရွာနှင့် ကျောက်ပြင်းကျေးရွာ ချောင်းကူးတံတား၊ မင်းကြည့်ကျေးရွာနှင့် ကျောက်ထုမြို့နယ် ကူးတံတားများဖြစ်ကြသည်။

ဆက်သွယ်ရေး

ဆက်သွယ်ရေးကဏ္ဍတွင် စာတိုက်၊ ကြေးနန်းနှင့် CDMA ဖုန်းများ သုံးစွဲနေ ကြပြီး ကျေးရွာများတွင် CDMA ဖုန်း အလုံး ၂၀ရှိသည်ဟု သိရသည်။ ရုပ်မြင် သံကြားထပ်ဆင့်လွှင့် တာဝါတိုင်ဖြင့် ကျောက်ထုမြို့နှင့် ကျေးရွာများသို့ အရုပ်ရော အသံပါ ကြည်လင်ပြတ်သားစွာ ထုတ်လွှင့် ပေးနေသဖြင့် ဒေသခံများ ကြည်နူးပြုံးပျော် နေကြသည်။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှုသည် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန် ခြင်းသည် အဓိကဖြစ်၏။ တစ်ချိန်တစ်ခါ က တောင်ကုန်းတောင်တန်းဒေသဖြစ်၍ သွားလာရေး လမ်းပန်းဆက်သွယ်မှု အခက် အခဲကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ ရသော ဂန့်ဂေါခရိုင် ကျောက်ထုမြို့သည် နိုင်ငံတော်၏ မေတ္တာ၊ စေတနာ၊ ကရုဏာ အသီးအပွင့်များဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ ပြီဖြစ်သည်။ ယခင်က လှည်းလမ်းတွင်မှ မဟုတ် ကားလမ်းသည်လည်း မြေသား လမ်းဖြစ်၍ ဖုန်တလိပ်လိပ်ထပါသည်။ ယခုတော့ ကတ္တရာလမ်း ကျောက်ချော လမ်းဖြစ်၍ ဖုန်တလိပ်လိပ် မမြင်ရတော့ ပါ။ ကျောက်ထုမြို့သည် ဒေသခံများနှင့် ခရီးသွားများအဖို့ သွားလမ်းသာ၍ လာလမ်းဖြောင့်နေပြီဖြစ်သော ယောဒေသ ၏ တောင်ကုန်းမြို့လေးတစ်မြို့အဖြစ် ဝင့်ဝင့် ထည်ထည် မြင်တွေ့ခဲ့ပါကြောင်း သတင်း ခရီး တင်ပြလိုက်ရပါသည်….။ ။

(မြန်မာ့အလင်း)

ကျောက်ထုမြို့ လေယာဉ်ကွင်းရပ်ကွက်တွင် တောင်သူခုနစ်ဦး စုပေါင်းစိုက်ပျိုး ထားသော ဆောင်းသီးနှံ နေကြာစိုက်ခင်းကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

● *ကျောဖုံးမှ*

၂၀၁၀ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပျက်ပြားသွားစေရန် အကြံဆိုးများရှိနေကြသည့် အကြမ်းဖက်သောင်းကျန်းသူများကလည်း ရပ်ရွာနယ်မြေများသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လျက် အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များအား တစိုက်မတ်မတ် ကြံစည်လုပ်ဆောင်နေကြဆဲ ဖြစ်သည်။

ဒဏ်ရာရရှိခဲ့

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၆ရက် (ကရင်နှစ်သစ်ကူးနေ့) ည ၉နာရီ ၁၀မိနစ် အချိန်တွင် KNU အကြမ်းဖက်သောင်းကျန်းသူ တပ်မဟာ(၅) လက်အောက်ခံ အဖွဲ့တစ်ဖွဲ့သည် ကရင်ပြည်နယ် ဖာပွန်မြို့ ကရင်နှစ်သစ်ကူးနေ့ အခမ်းအနား ပြုလုပ်နေသည့် ကွင်းပြင်အတွင်း မိုင်းထောင်ဖောက်ခွဲခဲ့ရာ ဒေသခံပြည်သူ ခုနစ်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၁၀ခုနှစ် ဇန်နဝါရီ ၉ရက်နေ့က KNPP အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့တစ်ဖွဲ့သည် လောပိတမှ တောင်ငူသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်သည့် ၂၃၀ ကေဗွီအေ ဓာတ်အားလိုင်းမှ ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်အတွင်းရှိ တာဝါတိုင်အမှတ် (၁၉၉)အားလည်းကောင်း၊ ဇန်နဝါရီ ၂၃ရက် ည ၈နာရီခန့်တွင် ကယားပြည်နယ် ဒီမောဆိုမြို့နယ် လိုတာခုကျေးရွာအနီးရှိ တာဝါတိုင်အမှတ် (၁၃၄)အားလည်းကောင်း မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည်။ ထိုမိုင်းခွဲ ဖျက်ဆီးမှုများကြောင့် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခဲ့ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုအပေါ် အခြေခံသည့် လုပ်ငန်းများလည်း နှောင့်နှေးရပ်တန့်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ပြည်သူလူထုထံ အပြည့်အဝရောက်ရှိနိုင်စေရေး အတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိချိန်တွင် ဤသို့သော အကြမ်းဖက် အဖျက်သမားတို့၏ ဖျက်လိုဖျက်ဆီးလုပ်ရပ်များကြောင့် ပြည်သူလူထုမှာ အခက်အခဲများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ပျက်စီးဆုံးရှုံးမှုဖြစ်ပွား

၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၆ရက်နေ့ နံနက် ၄နာရီတွင် KNU အကြမ်းဖက်သောင်းကျန်းသူ တပ်မဟာ(၃) လက်အောက်ခံအဖွဲ့ တစ်ဖွဲ့သည် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် သိမ်တန်းရပ်ကွက်ရှိ အဆောက်အအုံတစ်ခု၏ရှေ့၌လည်းကောင်း၊ နံနက် ၄နာရီ ၅မိနစ်ခန့်တွင် မေတ္တာရပ်ကွက် အိမ်တစ်အိမ်ရှေ့၌လည်းကောင်း မိုင်းထောင်ဖောက်ခွဲခဲ့ပြန်သည်။ အဆိုပါ မိုင်းပေါက်ကွဲမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရသည်။

နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူလူထု၏ ပူးပေါင်းကူညီမှုဖြင့် အကြမ်းဖက် အဖျက်သမားများကို စဉ်ဆက်မပြတ် စိစစ်ဖော်ထုတ်ဖမ်းဆီးမှုများ ပြုလုပ်လျက်ရှိရာ ဖောက်ခွဲရေးသမား ကျော်ဇေလင်း(ခ) ကိုဆိုင်းဆိုသူအား ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၂ရက် ည ၁၀နာရီခွဲတွင် ၎င်းဖွင့်လှစ်ထားသော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရွာရှိ ပဋ္ဌမအလင်း စာအုပ်ဆိုင်တွင် ညီဖြစ်သူ ကျော်ဝင်းစိန်(ခ) အသေးလေးနှင့် စာအုပ်ဆိုင် အလုပ်သမားတစ်ဦးအပါအဝင် စုစုပေါင်း သုံးဦးအား ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့နှင့်အတူ ဒေသန္တရလုပ် ချိန်ကိုက်မိုင်း နှစ်လုံး၊ စပိန်နိုင်ငံလုပ် Astra ဒသမ ၃၂ပစ္စတို တစ်လက်၊ ကျည်ကတ် တစ်ခု၊ ၎င်းကျည် ၃၃တောင့်တို့ကိုပါ သိမ်းဆည်းရမိခဲ့သည်။

ထပ်မံသိမ်းဆည်းရမိ

ဖမ်းဆီးရမိ စစ်ကြောချက်အရ ၎င်းနေ့ ည ၁၂နာရီ ၅မိနစ်တွင် ကျော်ဇေလင်း(ခ) ကိုဆိုင်း ငှားရမ်းနေထိုင်သော မင်္ဂလာဒုံမြို့နယ်ရှိ ၎င်း၏ နေအိမ်အား ဆက်လက်ရှာဖွေရာ အိမ်တွင်းမှ ဒေသန္တရလုပ် ချိန်ကိုက်မိုင်း တစ်လုံး၊ ဒီတိုနေတာ ၁၇ချောင်း၊ တရုတ်နာရီ ၁၀လုံး၊ ယမ်းမှုန့်ထည့်ထားသော ငါးလက်မပတ်လည် စက္ကူဘူး ရှစ်ဘူး၊ ဝိုင်ယာကြိုး နှစ်ခွေ၊ ပီစီကွန်ပျူတာ တစ်စုံနှင့် မိုင်းဆက်စပ်ပစ္စည်း အများအပြားကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်ဖော်ထုတ်ချက်အရ ဇန်နဝါရီ ၂၄ရက်နေ့ နံနက် ၅နာရီတွင် ဖောက်ခွဲရေးလုပ်ငန်းတွင် ဆက်စပ်ပါဝင်ခဲ့သူ စောနေထူး(ခ) ကရင်အား မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရွာရှိ ၎င်း၏နေအိမ်၌လည်းကောင်း၊ ဖောက်ခွဲရေးသမား ကျော်လင်းအောင်အား ညနေ ၅နာရီတွင် မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်(၁)လမ်းရှိ ၎င်း၏ နေအိမ်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်စပ်စစ်ကြော ဖော်ထုတ်ချက်အရ ဇန်နဝါရီ ၂၅ရက် ည ၁၁နာရီ မိနစ် ၄၀တွင် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရွာရှိ ကျော်ဇေလင်း(ခ) ကိုဆိုင်း၏ အဒေါ်ဖြစ်သူ နေအိမ်ကွပ်ပျစ်အောက်၌ မြှုပ်နှံဝှက်သိမ်းထားသော ACES R 190 Satellite စာတန်းပါ ဂြိုဟ်တုဖုန်း တစ်လုံး၊ ဒီတိုနေတာ ၂၆ခု၊ ဝိုင်ယာကြိုးစ ခြောက်စည်း၊ ယမ်းကြိုး တစ်ခွေနှင့် ဆက်စပ်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖော်ပြပါ ဖြစ်စဉ်တစ်ခုလုံးတွင် အဓိကဖောက်ခွဲရေးခေါင်းဆောင် ကျော်ဇေလင်း(ခ) ကိုဆိုင်းပါ ၁၁ဦး၊ ဒီတိုနေတာတပ်ဆင်ပြီး ဒေသန္တရ လက်လုပ်မိုင်း သုံးလုံး၊ ပြုလုပ်ဆဲ ဒေသန္တရ လက်လုပ်မိုင်း ငါးလုံး၊ ဒီတိုနေတာ ၄၃ခု၊ စပိန်နိုင်ငံလုပ် Astra MOD ၃၀၀၀အမျိုးအစား ဒသမ ၃၂ပစ္စတို တစ်လက်၊ ကျည်ကတ် တစ်ခု၊ ၎င်းကျည် ၃၃တောင့်၊ ACES R 190 Satellite စာတန်းပါ ဂြိုဟ်တုဖုန်း တစ်လုံး၊ ဝိုင်ယာကြိုး နှစ်ခွေနှင့် ဖြတ်စ ခြောက်စည်း၊ ယမ်းကြိုး သုံးခွေနှင့် အဝေးထိန်းစနစ် (Remote Control System) သုံး ပစ္စည်းများ အပါအဝင် ဖောက်ခွဲဖျက်ဆီးရေးဆိုင်ရာ ဆက်စပ်ပစ္စည်း အများအပြားကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ဆက်သွယ်နေထိုင်ခဲ့

အဓိကခေါင်းဆောင် ကျော်ဇေလင်း(ခ) ကိုဆိုင်းသည် ဖြူးမြို့နယ် ဇေယျဝတီ ပတ္တာရှာဇာတိဖြစ်ပြီး ၂၀၀၆ခုနှစ်အတွင်း ထိုင်းနိုင်ငံ ဗန်ကောက်သို့ သွားရောက် အလုပ်လုပ်ကိုင်စဉ် ၃၀-၄-၂၀၀၉ ရက်နေ့မှစ၍ တစ်ဖက်နိုင်ငံ မဲဆောက်၌ အခြေစိုက်သော၊ နိုင်ငံတော်မှ မတရားအသင်းအဖြစ် ကြေညာထားရှိသော မြန်မာနိုင်ငံရှေ့နေများကောင်စီ (Burma Lawyers' Council-BLC) သို့ သွားရောက်ဆက်သွယ်နေထိုင်ခဲ့သည်။ ထို့နောက် နိုင်ငံရေးအန်တုမှု သင်တန်းတက်ရောက်ခဲ့ပြီး ၎င်း BLC ရုံးတွင်ပင် တာဝန်ထမ်းဆောင်ခဲ့သည်။ BLC မှ ပြန်ကြားရေးတာဝန်ခံ ဝင်းကို၏ ချိတ်ဆက်ပေးမှုဖြင့် ဖောက်ခွဲရေးသမား ကင်းဝမ်း (အမည်ဝှက်)ဆိုသူနှင့် အဆက်အသွယ်ရရှိပြီး ဖောက်ခွဲရေး သင်တန်းများ စတင်တက်ရောက်ခဲ့သည်။

ကျော်ဇေလင်း(ခ)ကိုဆိုင်းသည် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီမှ ၂၀၀၉ခုနှစ် အောက်တိုဘာအထိ တစ်ဖက်နိုင်ငံ မဲဆောက်သို့ ခုနစ်ကြိမ်ခန့် သွားရောက်၍ ဖောက်ခွဲရေးမွမ်းမံသင်တန်းများ တက်ရောက်ခြင်း၊ ဖောက်ခွဲရေးအတွက် ပြည်တွင်းမှ လူသစ်များ စုဆောင်းပေးပို့ခြင်း၊ နိုင်ငံရေးအန်တုမှု သင်တန်းသားများ စုဆောင်းပေးပို့ခြင်းများ ပြုလုပ်ပေးခဲ့ပြီး ၎င်းအတွက် လုပ်ခကြေးငွေကျပ် ၆၇သိန်းခန့် ရရှိခဲ့သည်။ ကျန်ဖမ်းဆီးရမိသူများမှာလည်း မဲဆောက်တွင် ဖောက်ခွဲရေးသင်တန်းများ၊ အကြမ်းဖက်သောင်းကျန်းသူ KNU ဝဲကြီးစခန်းတွင် လက်နက်ပစ်ခတ်မှုသင်တန်းများ တက်ရောက်ခဲ့ဖူးသူများ ဖြစ်ကြသည်။

ချိန်ကိုက်ဖောက်ခွဲမှုများပြုလုပ်ခဲ့

ဖောက်ခွဲရေးသမား ကျော်ဇေလင်း(ခ) ကိုဆိုင်းပါ အုပ်စုသည် လက်တွေ့ဖောက်ခွဲရေး လုပ်ငန်းစဉ်အဖြစ် ရန်ကုန်မြို့ရှိ စက်မှုဇုန်များအား ပစ်မှတ်ထားဆောင်ရွက်ရန် အချိန်ယူလေ့လာမှုများ ပြုလုပ်ခဲ့သည်။ ဖောက်ခွဲဖျက်ဆီးရန်အတွက် ခလုတ်ဖွင့်ထားလျှင် လေးနာရီအတွင်း ပေါက်ကွဲမည့် ချိန်ကိုက်ဗုံး ၁၀လုံးအား ၎င်း၏နေအိမ်၌ ခုနစ်ရက်ကြာ အချိန်ယူပြင်ဆင် တပ်ဆင်ခဲ့ကြောင်း သိရသည်။ ၂၀၀၉ခုနှစ် စက်တင်ဘာ ၁၆ရက်နေ့ညတွင် ရွှေပေါက်ကံစက်မှုဇုန်ရှိ Myanmar Joon A စက်ရုံ၊ မင်္ဂလာဒုံစက်မှုဇုန်ရှိ Asia Optical စက်ရုံ၊ လှိုင်သာယာစက်မှုဇုန်ရှိ Family United Power စက်ယန္တရားစက်ရုံ၊ UNW Engineering Service Ltd. စက်ရုံ၊ နဝဒေးလမ်းနှင့် ဦးရွှေပင်လမ်းထောင့်၊ မင်းသိင်္ခကျော်စွာလမ်းရှိ Flyman သစ်အချောထည်စက်ရုံ၊ မင်းကြီးမဟာမင်းခေါင်လမ်းရှိ UNICEF ပစ္စည်းသိုလှောင်ရုံ စသည့်စက်ရုံများအတွင်းသို့ ဗုံးများပစ်သွင်း၍ ချိန်ကိုက်ဖောက်ခွဲမှုများပြုလုပ်ခဲ့ရာ ခုနစ်နေရာ၌ ပေါက်ကွဲခဲ့သည်။

ကျင်းငယ်များတူး

ထို့ပြင် ၎င်းဖောက်ခွဲရေးသမားအုပ်စုသည် မင်္ဂလာဒုံမြို့နယ် အမှတ် (၃) လမ်းမကြီးဘေးတစ်လျှောက် ရှစ်လက်မပတ်လည် ကျင်းငယ်များတူး၍ ချိန်ကိုက်မိုင်းထည့်ပြီးနောက် ၎င်းလမ်းတွင် ကြံ့ခိုင်ရေး အပြေးလေ့ကျင့်လေ့ရှိသည့် တပ်မတော် တပ်ထိန်းစစ်သည်များအား ဖောက်ခွဲတိုက်ခိုက်ရန် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၇ရက်နေ့ ည ၁၂နာရီမှ နောက်တစ်နေ့ (ဒီဇင်ဘာ ၁၈ရက်နေ့) နံနက်ပိုင်းအထိ အချိန်ယူစောင့်ဆိုင်းခဲ့သော်လည်း လုံခြုံရေးလစ်ဟာမှု မရှိသဖြင့် ဖောက်ခွဲနိုင်မှုမရှိခဲ့ကြောင်း သိရှိရသည်။

၎င်းပြင် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့)တွင် ရန်ကုန်မြို့ ဆူးလေဘုရားဝန်းကျင်၊ သိမ်ကြီးဈေးဝန်းကျင်၊ ဗိုလ်ချုပ်ဈေးတစ်ဝိုက်၊ ရွှေတိဂုံအရှေ့ဘက်မုခ် ဗဟန်း(၃)လမ်း၊ မြောက်ဥက္ကလာပ မယ်လမုဘုရားပွဲ စသည့်နေရာများတွင် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့၏ လုံခြုံရေးယာဉ်များနှင့် တပ်ဖွဲ့ဝင်များအား အလစ်အငိုက် ဖောက်ခွဲတိုက်ခိုက်ရန် ကြိုးပမ်းခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စနစ်တကျရှိမှုကြောင့် ဖောက်ခွဲတိုက်ခိုက်နိုင်မှုမရှိခဲ့ကြောင်းလည်း သိရှိရသည်။

ဖော်ထုတ်သိရှိ

ဖောက်ခွဲရေးသမား ကျော်ဇေလင်း(ခ) ကိုဆိုင်းပါ အုပ်စုသည် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ အချိန်မီ ဖမ်းဆီးထိန်းသိမ်းခြင်းမခံရပါက အနာဂတ်အစီအမံအဖြစ် မင်္ဂလာဒုံစက်မှုဇုန်ရှိ ကြက်စာစက်ရုံ၊ Seagull အထည်ချုပ်စက်ရုံ၊ Daewoo အထည်ချုပ်စက်ရုံများအား ဖောက်ခွဲဖျက်ဆီးရန်၊ နေရာအနှံ့ လုံခြုံရေး တာဝန်ထမ်းဆောင်နေသော တပ်မတော် ... ယာဉ်များနှင့် တပ်ဖွဲ့ဝင်များအား ဖောက်ခွဲတိုက် ... (Remote Control System) အသုံးပြု၍ ... တိုက်ခိုက်ရန်၊ အငှားယာဉ်များပေါ်တွင် ဗုံးဖောက် ... အားပြင်း လက်လုပ်ဗုံးများအား လျှို့ဝှက်ပြင်ဆ ... သိရှိရသည်။ ထို့ပြင် ၎င်းတို့၏ သူသေကိုယ်သေ ... အရ နောက်ဆုံး အချိန်တွင် အနီးကပ်ပစ်ခတ် ... ပစ္စတိုကိုပါ အသင့်ဆောင်ထားခြင်းဖြစ်ကြောင်း ...



ပြုလုပ်ဆဲ ဒေသန္တရလက်လုပ်မိုင်း ငါးလုံးကို တွေ့ရစဉ်။

ကျော်ဇေလင်း(ခ) ကိုဆိုင်းထံမှ သိမ်းဆ... လုပ် Astra MOD ၃၀၀၀ အမျိုးအစ... သေနတ်တစ်လက်နှင့် ၎င်းကျည် ၃၃တောင့်...

တရားခံ ကျော်ဝင်းစိန်(ခ) အသေးလေးက မင်္ဂလာဒုံမြို့နယ် စက်မှုဇုန်ရှိ Asia Optical စက်ရုံ၌ ဗုံးဖောက်ခွဲမှုကို ပြန်လည်သရုပ်ပြနေစဉ်။

နိုင်ငံတော်တည်ငြိမ်အေးချ... ဖွံ့ဖြိုးတိုးတက်မည်၊ တည်ငြိမ်... ကရေစီ ဖော်ဆောင်အောင်မြ... စရိုက်များ၊ ဆူပူမှုများဖြင့် ဒီ... အခြေခံဥပဒေဖြင့်သာ ဒီမိုက... သည့် နိုင်ငံတော်နှင့် ပြည်... ယုံကြည်ခံယူချက်နှင့်အညီ အ... တော်တည်ငြိမ်အေးချမ်းမှု ... အောင် ကြိုးပမ်းဆောင်ရွက်ရ... တစ်ရပ်လုံး၏ ပူးပေါင်းလက်... အဓိကအခန်းကဏ္ဍမှ ပါဝင်နေ...

ပြန်လည်သရုပ်ပြ

တရားခံစောနေထူး(ခ) ကရင် (စက်ဘီးနင်းသူ)နှင့် ကျော်လင်းအောင် (ဗုံးပစ်ပေါက်သူ) တို့က လှိုင်သာယာစက်မှုဇုန်ရှိ UNICEF ပစ္စည်းသိုလှောင်ရုံ၌ ဗုံးဖောက်ခွဲမှု ပြန်လည်သရုပ်ပြနေစဉ်။

လက်လုပ်မိုင်း

ဒီတိုနေတာ တပ်ဆင်ပြီး ဒေသန္တရ လက်လုပ်မိုင်းသုံးလုံးကို တွေ့ရစဉ်။

မဲဆောက်ရှိ အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်ရေးအုပ်စုက ၂၀၀၈ခုနှစ် ဩဂုတ်အတွင်း ဖောက်ခွဲရေးသမား ကျော်ဇေလင်း(ခ) ကိုဆိုင်း မဲဆောက်သို့ ဒုတိယအကြိမ် ရောက်ရှိစဉ်ကပင် ပြည်သူ့ပြောက်ကျားတပ်သားအဖြစ် သတ်မှတ်ပေးခဲ့သည်။ ပြည်သူ့ပြောက်ကျားတပ်ဦး (Peoples' Guerrilla Front)ကို ၂၀၀၆ခုနှစ်အတွင်း စွမ်းအားမြင့်မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့ (Vigorous Burmese Student Warriors = VBSW)ရုံး၌ ရဲသီဟ(ခ) သူရ(ခ) စန်းနိုင်က ဦးဆောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ မြို့ပြတိုက်ပွဲ ပွဲသိမ်းစီမံချက်အရ အကြမ်းဖက်လုပ်ငန်းများအား ဆောင်ရွက်ရာတွင် လူသိများနေသော VBSW အဖွဲ့အမည်ကိုဖျောက်၍ ပြည်သူ့ပြောက်ကျားတပ်ဦး အမည်သစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ၎င်း



VBSW အဖွဲ့သည် ၂၀၀၅ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ရန်ကုန်မြို့တွင် ဗုံးဖောက်ခွဲမှု ၁၄ကြိမ် ပြုလုပ်ခဲ့သည့် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည်။ ၂၀၀၉ခုနှစ် စက်တင်ဘာ ၁၆/၁၇ရက်နေ့များတွင် ရန်ကုန်စက်မှုဇုန်များအတွင်း ဗုံးခုနစ်လုံးပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ ၂၀၀၉ခုနှစ် စက်တင်ဘာ ၁၇ရက်စွဲဖြင့် ပြည်သူ့ပြောက်ကျားတပ်ဦး (Peoples' Guerrilla Front) က ကြေညာချက် အမှတ် (၁)ကို ထုတ်ပြန်၍ ဖောက်ခွဲမှုမှာ ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း သတင်းမီဒီယာများတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဖောက်ခွဲရေးသမား ကျော်ဇေလင်း(ခ) ကိုဆိုင်းအား ဖမ်းဆီးရမိစဉ်က သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးပစ္စည်းများကို ကျွမ်းကျင်သူများ၏ စစ်ဆေးတွေ့ရှိချက်အရ အမေရိကန်နိုင်ငံလုပ် High Explosive TNT ယမ်းတုံးများ၊ C4 ယမ်းပြင်းများကို လျှပ်စစ်အစပျိုးစနစ်၊ ချိန်ကိုက်စနစ်များ ပေါင်းစပ်အသုံးပြုထားသည့် ချိန်ကိုက်မိုင်းများအဖြစ် ဖန်တီးထားပြီး ပေါက်ကွဲမှု

နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် နှောင့်နှေးရပ်တန့်သွားစေရန်၊ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဒီမိုကရေစီ ဖော်ဆောင်နေမှုနှင့် ၂၀၁၀ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပျက်ပြားသွားစေရန် အကြံဆိုးများ ရှိနေကြသည့် အကြမ်းဖက် သောင်းကျန်းသူများကလည်း ရပ်ရွာနယ်မြေများသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လျက် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များအား တစိုက်မတ်မတ် ကြံစည်လုပ်ဆောင်နေကြဆဲဖြစ်။

အထူးပြင်းထန်စေရန်နှင့် လူအများအပြား ထိခိုက်ဒဏ်ရာရ သေကျေပျက်စီးစေရန် သံချောင်း၊ ဝက်အူ၊ သံတိုသံစများပါ ထည့်သွင်းပြုလုပ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

အချိန်မီကာကွယ်တားဆီးနိုင်ခဲ့

ဖောက်ခွဲရေးသမား ကျော်ဇေလင်း(ခ)ကိုဆိုင်းပါ ၁၁ဦးနှင့် ဖောက်ခွဲရေးပစ္စည်း အများအပြားကို ဤကဲ့သို့ လက်ဦးမှုရယူ ဖမ်းဆီးနိုင်ခဲ့ခြင်းသည် အပြစ်မဲ့ပြည်သူ အများအပြား ထိခိုက်ဒဏ်ရာရရှိ သေကျေပျက်စီးခြင်း၊ ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင် အဆောက်အအုံများပျက်စီးခြင်းစသည့် ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ပေါ်လာမည့် ဖြစ်ရပ်ဆိုးကြီးများအား အချိန်မီကာကွယ်တားဆီးနိုင်ခဲ့သော ပြည်သူလူထု ပူးပေါင်းပါဝင်သည့် အောင်ပွဲပင်ဖြစ်သည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်၊ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီဖော်ဆောင်အောင်မြင်နိုင်မည်၊ မင်းမဲ့စရိုက်များ၊ ဆူပူမှုများဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်ဟူသည့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ ယုံကြည်ခံယူချက်နှင့်အညီ အစဉ်သဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု အပြည့်အဝရရှိအောင် ကြိုးပမ်းဆောင်ရွက်ရာ၌ ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းလက်တွဲကူညီမှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေမည်သာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ ။

ပြည်ထဲရေးဝန်ကြီးဌာန

ကျော်ဇေလင်း(ခ) ကိုဆိုင်းထံမှ သိမ်းဆည်းရမိသော စပိန်နိုင်ငံလုပ် Astra MOD ၃၀၀၀ အမျိုးအစား ဒသမ ၃၂ ပစ္စတိုသေနတ်တစ်လက်နှင့် ၎င်းကျည် ၃၃တောင့်ကို တွေ့ရစဉ်။

လုံခြုံရေး တာဝန်ထမ်းဆောင်နေသော တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့၏ လုံခြုံရေးယာဉ်များနှင့် တပ်ဖွဲ့ဝင်များအား ဖောက်ခွဲတိုက်ခိုက်ရန်၊ အဝေးထိန်းစနစ် (Remote Control System) အသုံးပြု၍ ယာဉ်တန်းများအား ဖောက်ခွဲတိုက်ခိုက်ရန်၊ အငှားယာဉ်များပေါ်တွင် ဗုံးဖောက်ခွဲရန်ရည်ရွယ်ပြီး ပေါက်ကွဲအားပြင်း လက်လုပ်ဗုံးများအား လျှို့ဝှက်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် ၎င်းတို့၏ သူသေကိုယ်သေ ပြောက်ကျားစစ်နည်းဗျူဟာအရ နောက်ဆုံး အချိန်တွင် အနီးကပ်ပစ်ခတ်တိုက်ခိုက်နိုင်ရန် ဒသမ ၃၂ ပစ္စတိုကိုပါ အသင့်ဆောင်ထားခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။



သိမ်းဆည်းရမိသော လျှပ်စစ်ဒီတိုနေတာများကို တွေ့ရစဉ်။

၂၅-၁-၂၀၁၀ရက်နေ့တွင် ကျော်ဇေလင်း(ခ) ကိုဆိုင်းက ဗုံးမြှုပ်ရန် တူးထားသည့် မြေကျင်းများကို လိုက်လံပြသစဉ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်၊ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်၊ မင်းမဲ့စရိုက်များ၊ ဆူပူမှုများဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်ဟူသည့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ ယုံကြည်ခံယူချက်နှင့်အညီ အစဉ်သဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု အပြည့်အဝရရှိအောင် ကြိုးပမ်းဆောင်ရွက်ရာ၌ ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းလက်တွဲကူညီမှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေမည်သာဖြစ်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် (အဖိတ်နေ့)

၂၈-၁-၂၀၁၀(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅။ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀။ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ အကပဒေသာ
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၂၅ ၈။ တေးဂီတအစီအစဉ်
၈:၃၅ ၉။ အပန်းဖြေလေ့လာ အမျိုးသား ကန်တော်ကြီးဥယျာဉ်မှာ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ **အိမ်တွင်းပုန်းများ မကြည့်ရ**
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၂၀ ၃။ အဆိုပြိုင်ပွဲ
၄:၂၅။ ၄။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၄၀ ၅။ တေးဂီတအစီအစဉ်
၄:၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ (တတိယနှစ်) (မြန်မာစာအထူးပြု) (မြန်မာစာ)
၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀ ၈။ သဘာဝဝန်းကျင် ထိန်းလို့လျှင် သုံးစွဲစေလို စွန့်ပစ်အမှိုက်သုံး မီးဖို
၅:၂၅ ၉။ **ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင် မွေးမိခင်**
၅:၃၅ ၁၀။ တေးဂီတအစီအစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ပျော်ရွှင်စေသော နေ့ရက်များ **ရွေးသည်** (အပိုင်း-၁၀) မိုးမိုး၊ သဇင် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၃၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၅)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၁၂)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၁၆)
၂၁။ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အခြေခံစက်ရုံ ဆောက်လုပ်မည့်မြေနေရာ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၂၂ ရက်က တနင်္သာရီတိုင်း ကော့သောင်းမြို့ ကော့သောင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းက ကော့သောင်းမြို့နယ် ပါချန်ကြိုးဝိုင်းအတွင်း လုပ်ငန်းရှင် ဦးအောင်နိုင်၏ ၂၀၀၇ ခုနှစ် ပုဂ္ဂလိက ပျဉ်းကတိုးစိုက်ခင်း ၁၀ ဧက၊ ၂၀၀၈ ခုနှစ် ပုဂ္ဂလိက ပျဉ်းကတိုးစိုက်ခင်းများနှင့် ကျွန်း၊ မဟော်ဂနီ စမ်းသပ်ရောနှောစိုက်ပျိုးထားမှု အခြေအနေများ၊ ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့နယ် ပြည်တောင်လှိုင်သစ်ဆိပ်သို့ သွားရောက်ပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

စနစ်တကျတင်

ဇန်နဝါရီ ၂၄ရက် ညနေပိုင်းတွင် MRT ကုမ္ပဏီက ဘုတ်ပြင်းမြို့နယ် လေညာမြစ်ဝဲယာမှ ထုတ်လုပ်ရရှိသော ကညင်သစ်လုံးများအား ပြည်ပသို့ တင်ပို့ရန် ပင်လယ်ကူး သင်္ဘောပေါ်သို့ စနစ်တကျတင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဇန်နဝါရီ ၂၅ရက် နံနက်ပိုင်းတွင် မြိတ်မြို့နယ် ထူးထရေးဒင်းကုမ္ပဏီလီမိတက် ပဝသစ်ဆိပ်၌ သစ်လုံးများ စနစ်တကျထားရှိမှု၊ သစ်လုံးတင် သင်္ဘောများပေါ်သို့ သစ်လုံးများတင်ပို့ရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

မွန်းလွဲပိုင်းတွင် မြိတ်အထပ်သားစက်ရုံ၌ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

လှူဒါန်း

ညနေပိုင်းတွင် ကျွန်းစုမြို့နယ် ပထော် ပထက်ကျွန်းရှိ ပြည့်ဖြိုးထွန်း ကုမ္ပဏီ သစ်ဆိပ်သို့ သွားရောက်စစ်ဆေးပြီး ပထက် အခြေခံပညာ အလယ်တန်းကျောင်းခွဲ အတွက် ကွန်ပျူတာတစ်လုံး၊ ကျောင်းဝတ်စုံ ၁၀၀၊ ဗလာစာအုပ် ဒါဇင် ၁၀၀နှင့် ခဲတံဒါဇင် ၁၀၀တို့ကို လှူဒါန်းသည်။

ထို့နောက်ဝန်ကြီးသည် ပြည့်ဖြိုးထွန်း ကုမ္ပဏီလီမိတက် သစ်ခွဲစက်နှင့် သစ်အချောထည်စက်ရုံ၏ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ဇန်နဝါရီ ၂၆ ရက်က မြိတ်မြို့နယ် တနင်္သာရီသစ်သားထည်စက်မှုကုမ္ပဏီလီမိတက်၏ သစ်အခြေခံစက်ရုံတည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြပြီး စက်ရုံဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် မြိတ်မြို့ သစ်တောပျိုးဥယျာဉ် ရှင်းလင်းဆောင်၌ သစ်တောဦးစီးဌာနနှင့် သစ်ထုတ်ရေးဌာနတို့မှ တိုင်း၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ရေး ကိစ္စများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၂၉-၁-၂၀၁၀

၀၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၀၇း၀၅	တရားတော် **ဓဇဂ္ဂသုတ်** ဓမ္မပူဇာတေးပဒေသာ
၀၇း၃၀	(၃၈)ဖြာမင်္ဂလာ
၀၇း၃၅	နံနက်ခင်းတေးပဒေသာ
၀၈း၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၀၈း၁၀	နံနက်ခင်းတေးပဒေသာ
၀၈း၃၀	ပြောပါရစေရှင် (ကြည့်တတ်ပါစေ)
၀၈း၃၅	တေးပဒေသာ
၀၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားက ပွဲတင်သံ
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဆိုကြပျော်ရွှင် တေးသံစဉ် (Intermediate L evel - 11)
၁၂း၁၀	အလုပ်အကိုင်အခွင့်အလမ်း
၁၂း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀	Music Talk (8) တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	တေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	ညချမ်းချိန်ခါ တေးပဒေသာ
၁၉း၂၅	ဇာတ်လမ်းပမာနားဆင်စရာ **(ဖြူပါစေ)**
၁၉း၄၅	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ခိုင်နှင်းဝေ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀	ဆောင်းပါး(အနှိုင်းမဲ့မီး) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော် ကျင်းပ

စဉ့်ကူး ဇန်နဝါရီ ၂၇

စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုများ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ရက် နံနက် ၉နာရီက ရွှေရတုခန်းမဆောင်သစ်၌ ကျင်းပသည်။

ရည်ရွယ်ချက်

ရေးဦးစွာ အခမ်းအနားကို ကျောင်းသား ကျောင်းသူကလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

ဦးစိုင်းမောင်လှ**(အပေါ်ပုံ)**နှင့် မြို့နယ်ပညာရေးမှူး ဦးပေါင်ဇနန်တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဦးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ကပြဖျော်ဖြေ

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်အတွင်းရေးမှူး ဦးသန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်လွင်၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးတောက်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းစန်းလှိုင်၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူတို့က ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုများနှင့် အတန်းလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ကြပြီး ကျောင်းသား ကျောင်းသူ ကလေးများက စုံညီပွဲတော် အကပဒေသာများဖြင့် ယှဉ်ပြိုင် ကပြဖျော်ဖြေကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အိမ်ရာအဆောက်အအုံပြပွဲ -၂၀၁၀စာနယ်ဇင်းရှင်း

ရန်ကုန် ဇန်နဝါရီ ၂၇

IEMS Company Limited သည် အိမ်ရာ အဆောက်အအုံပြပွဲ-၂၀၁၀ ကို ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ ပြပွဲနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ နံနက် ၉နာရီခွဲမှ ၁၁နာရီခွဲအထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်ခန်းမ၌ ကျင်းပသည်။

ပြောကြား

အဆိုပါ ရှင်းလင်းပွဲတွင် ရှေးဦးစွာ IEMS Company Limited MD ဦးသက်လွင်ရွှေ **(အောက်ပုံ)**က ပြပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး TMW Enterprise Limited Marketing Manager ဒေါ်လွင်လွင်မြ၊ Champion Construction Materials- DGM ဒေါ်မူမူစန်း၊ SHINE Construction Co.,Ltd. -Managing Director ဒေါ်ခိုင်သဇ္ဇာဝင်း၊ TWJS Co.,Ltd. MD ဦးအောင်ဝင်း၊ Asia Metal Company Limited Director ဦးမောင်မောင်ဆန်းဦး၊ NAING Group Construction Co.,Ltd. Managing Director ဦးကျော်ရဲမင်း၊ Regency Material Trading Company Manager ဦးဇော်မင်းနှင့် Lucky Bird Co.,Ltd. Manager ဒေါ်နွယ်နီထွန်းတို့က ရှင်းလင်းပြောကြားကြပြီးနောက် စာနယ်ဇင်းများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

မေးမြန်းနိုင်

အဆိုပါ ပြပွဲတွင် TMW Enterprise, Sanyo, Champion Construction Material Regency, Octagon Int'l Co.,Ltd., Asia Metal Co.,Ltd., Shine Construction & Hyundai Elevator, Naing Construction, Mother Land Group Construction, Asterism International, High Tech, Tiger, Sun Tech, Zaw & Hnin Co.,Ltd., Rhythm, T & Y Group, Tet Thit Oo Trading, TWJS Co.,Ltd. (Hometex), Sea Master, TOA, Nippon Paint, Golden Hook Co.,Ltd., Lucky Bird, NCTC Computer, MNZ, Cupid Furniture, Universal Furniture, Three Red Stars, Timber Land Furniture, Ocean Glory, MK Winner Furniture, Gold Coil, Tharaphee, Sin Pauk Trading, D & D Co., Ltd., 133 Builder's Hardware's, Aluminium Empire, IEM, Ever Seiko, Three Friends Trading,The One & Clean Co., Ltd., Top Fiber Glass, GSR Stainless Steel, Allways Hardware Mart, အလှကမ္ဘာ Digital Camera, SP Group, Amtt, Phu Pwint, Cosmetics များကို ခင်းကျင်းပြသမည် ဖြစ်သည်။ ပြပွဲတွင် Spanky Music Production MD မျိုးမျိုး(G.R)နှင့် တေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များအပြင် IEMS Company အနေဖြင့် နေ့စဉ်ကံစမ်းမဲ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၁၈-၈၃၁၆၂၈သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

မြောက်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ဝဒသမ ၃၉လက်မ၊ လှိုင်ကော်မြို့တွင် ဝဒသမ ၂၈လက်မ၊ ကျိုင်းတုံမြို့၊ ကသာမြို့နှင့် မြိတ်မြို့တို့တွင် ဝဒသမ ၂၀လက်မစီ၊ ပင်လောင်းမြို့တွင် ဝဒသမ ၁၂လက်မနှင့် မိုင်းဆတ်မြို့တွင် ဝဒသမ ၀၈လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အသင်းဟောင်း ဆန်းတို့စ်နဲ့ အငှားစာချုပ်ရေး နီးစပ်နေတဲ့ ရော်ဘင်ဟို

ရေးသူ - ထင်ကျော်ထက် ➤ စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

မက်ဒရစ် ဇန်နဝါရီ ၂၇

ဘောလုံးသမား အပြောင်းအရွှေ့ ရာသီမတိုင်ခင် ပြီးခဲ့တဲ့ ၂၀၀၉ခုနှစ် ဒီဇင်ဘာလကတည်းက လှုပ်လှုပ်ရှားရှား အသံတွေကြားနေရသူကတော့ ဘရာဇီးနဲ့ မန်စီးတီးကြယ်ပွင့် ရော်ဘင်ဟိုပဲ ဖြစ်ပါတယ်။ ငယ်နာမည် ရှော့ဘ်ဆန်ဒီဆူဇာဖြစ်တဲ့ ရော်ဘင်ဟိုကို ၁၉၈၄ခုနှစ် ဇန်နဝါရီ ၂၅ရက်မှာ မွေးဖွားခဲ့တာမို့ ယခုအခါမှာ ရော်ဘင်ဟိုဟာ အသက် ၂၆နှစ်ထဲ ဝင်စပြုနေပါပြီ။ မနှစ်က ဒီဇင်ဘာလမှာ ရော်ဘင်ဟိုရဲ့ မန်စီးတီးအသင်းနည်းပြ မာ့ခ်ဟုချ်အသင်းကိုကျောခိုင်းသွားပြီး နည်းပြအဖြစ် မန်စီနီ တာဝန်ယူစဉ်အချိန်မှာပဲ ရော်ဘင်ဟိုကို ချန်ပီယံလိဂ်နဲ့ လာလီဂါချန်ပီယံ ဘာစီလိုနာ အသင်းက ခေါ်ယူဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမယ့် မန်စီးတီးက လက်မခံခဲ့သလို ရော်ဘင်ဟိုကလည်း လက်မခံခဲ့ပါဘူး။

ထုတ်ဖော်ပြောကြား

ရော်ဘင်ဟိုကလည်း မန်စီးတီးမှာ ရေရှည်ဆက်နေမှာဖြစ်ပြီး အသင်းပြောင်းရန် ငြင်းဆိုခဲ့ကြောင်း၊ ၄င်းအနေနဲ့ မန်စီးတီးမှာ ပျော်ရွှင်ပြီး ၄င်း၏ မိသားစုတွေလည်း ပျော်ရွှင်နေကြကြောင်း၊ ပရိသတ်ကလည်း ၄င်းကို ချစ်ခင်ကြကြောင်း၊ မန်စီးတီးမှာ ငါးနှစ် ဒါမှမဟုတ် ၁၀နှစ်ကြာမလားဆိုတာကို မသိသေးကြောင်း တွေ့ဆုံ မေးမြန်းခန်းတစ်ခုမှာ ပြောကြားခဲ့ဖူးပါတယ်။

ဘဝင်မကျ

ဒီလိုမန်စီးတီးမှာနေရတာ ပျော်ရွှင်ပါတယ်လို့ ဖွင့်ဟခဲ့တဲ့ ရော်ဘင်ဟိုဟာ အခုတော့ မန်စီးတီးမှာ နေရတာငြီးငွေ့လာခဲ့ပါပြီ။ ဘာကြောင့်လဲဆိုတော့ ၂၀၀၈ခုနှစ် ဩဂုတ်လ အပြောင်းအရွှေ့ရာသီ နောက်ဆုံးအချိန်မှာ ရီရဲမက်ဒရစ်ကနေ မန်စီးတီးကို ပြောင်းရွှေ့ကြေး ပေါင် ၃၂ ဒသမ ၅သန်းနဲ့ ပြောင်းရွှေ့ခဲ့တဲ့ ရော်ဘင်ဟို ဟာ ရောက်ရောက်ချင်းရာသီမှာပဲ ခြေစွမ်းပြ ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ စက်တင်ဘာလက ရော်ဘင်ဟိုဟာ ဘရာဇီးအသင်းမှာ ပါဝင်ကစားရင်း ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့ပြီးတဲ့နောက် ယခုဘောလုံးရာသီမှာ အရန်ခုံမှာ ထိုင်နေခဲ့ရတဲ့အခါမှာတော့ ရော်ဘင်ဟိုဟာ မန်စီးတီးကို ငြီးငွေ့လာခဲ့ပါပြီ။ ရော်ဘင်ဟိုဟာ ဒီရာသီမှာ ရှစ်ပွဲသာ ပွဲထွက်ခွင့်ရထားပြီး ဇန်နဝါရီ ၂၄ရက်က စကန်သော့ပ်ကို မန်စီးတီးက လေးဂိုး-နှစ်ဂိုးနဲ့နိုင်တဲ့ အက်ဖ်အေဖလားပွဲမှာသာ တစ်ဂိုးပဲ သွင်းနိုင်ခဲ့ပါသေးတယ်။ ဒါ့အပြင် ဇန်နဝါရီ ၁၉ရက်က ကစားခဲ့တဲ့ မန်ယူနဲ့ ကာလင်းဖလားအကြို ဗိုလ်လုပွဲ ပထမအကျော့မှာလည်း အရန်ထိုင်ခုံမှာ ထိုင်ခဲ့ရတာမို့ ပုံမှန်ပွဲထွက်ခွင့်ရချင်တဲ့ ရော်ဘင်ဟိုအဖို့ မန်စီးတီးမှာ နေရတာကို ဘဝင်မကျ ဖြစ်လာခဲ့ရပါပြီ။

တွေ့ဆုံ

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၆ရက်ကတော့ ရော်ဘင်ဟိုကို အငှားချထားဖို့ မန်စီးတီးက တာဝန်ရှိသူတွေနဲ့ ဘရာဇီးကလပ်တွေဖြစ်တဲ့ ဆန်းတို့စ်နဲ့ ဆော်ပေါ်လိုအသင်းက တာဝန်ရှိသူတွေ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်နေပြီလို့ မန်စီးတီးနည်းပြ မန်စီနီက အတည်ပြုဖွင့်ဟခဲ့ပါတယ်။

ဒါ့အပြင် နည်းပြမန်စီနီက ကျွန်တော့်အနေနဲ့ ရော်ဘင်ဟိုကို အသင်းမှာပဲ ဆက်ကစားစေချင်ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော့်မှာ ရွေးချယ်ပွဲထုတ်စရာ တိုက်စစ်မှူးရှိနေတာကလည်း ပြဿနာတစ်ရပ်ပါပဲ။ တိုက်စစ်မှူးတွေကို သင့်တော်သလို တစ်လှည့်စီ ပွဲထုတ်ရတဲ့အတွက် ပုံမှန်ပွဲထွက်ကစားချင်တဲ့ ရော်ဘင်ဟိုနဲ့ ကျွန်တော့်အကြားမှာ အခက်အခဲ အကျပ်အတည်းတွေ ရှိလာပါတယ်။

ဖွင့်ဟ

ရော်ဘင်ဟိုကို အငှားစာချုပ် ချုပ်ဆိုဖို့ နီးစပ်တဲ့ ဆန်းတို့စ်အသင်းပိုင်ရှင် လူးဝစ်အယ်ဗာရီဘီရိုကလည်း ရော်ဘင်ဟိုကို အငှားစာချုပ် ချုပ်ဆိုသလို ဆန်းတို့စ်အသင်းလူငယ်ကြယ်ပွင့်နှစ်ဦးဖြစ်တဲ့ ပေါ်လိုဟင်းရစ်ဂန်ဆိုနဲ့ နီးမားတို့ကို မန်စီးတီးလူငယ်အသင်းများမှာ ခေါ်ယူကစားစေချင်တယ်လို့ ဖွင့်ဟခဲ့ပါတယ်။

ရော်ဘင်ဟို

မန် စီး တီး တိုက် စစ် မှူး ရော်ဘင်ဟို။

ပြောကြား

ရီဘီရို လိုလားချက်ကို မန်စီးတီးကလည်း လိုက်လျောဖို့ ရှိနေပါတယ်။ ရော်ဘင်ဟိုကို ကနဦး ခြောက်လစာချုပ် ချုပ်ဆိုရန်ကြိုးစားမှာဖြစ်ပြီး အဲဒီထက်မက စာချုပ်လို့ ရရင်လည်းချုပ်မယ်လို့ ဆန်းတို့စ်အသင်း သတင်းထုတ်ပြန်ရေးအရာရှိ အာနယ်လ်ဒိုမော့စ်က ပြောကြားခဲ့ပါတယ်။

သေချာ

မန်စီးတီးအသင်းနဲ့ ဆန်းတို့စ် နှစ်သင်းစလုံးက တာဝန်ရှိသူတွေဟာ ဇန်နဝါရီ ၂၅ရက်နဲ့ ၂၆ရက်က လန်ဒန်မြို့မှာ ရော်ဘင်ဟိုကို အငှားစာချုပ် ချုပ်ဆိုရေး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြရာမှာ တိုးတက်မှုများရရှိပြီး ၉၀ရာခိုင်နှုန်း သေချာသလောက်ရှိနေပြီလို့ သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒါကြောင့် ရော်ဘင်ဟို ဆန်းတို့စ်သို့ ပြန်ရောက်ဖို့နီးစပ်လာတာကို စောင့်ကြည့်ရတော့မှာ ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

စပါးတို့အိမ်ကွင်း၌ နိုင်ပွဲရှာတွေ့ပြီ ဘင်နီတက်ဇ်၏ရည်မှန်းချက် မအောင်မြင်

လန်ဒန် ဇန်နဝါရီ ၂၇

ပရီမီယာလိဂ်ပွဲစဉ် (၂၃) ဘောလုံးပြိုင်ပွဲများကို ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စပါးတို့ အိမ်ကွင်း၌ ဖူလ်ဟမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ စပါးအတွက် အနိုင်ဂိုးများကို ပွဲချိန် ၂၇မိနစ်တွင် တိုက်စစ်မှူးပီတာခရောင့်ချ်က တစ်ဂိုး၊ ဘင့်တလေက ဒုတိယပိုင်း၌ တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် ဒီဇင်ဘာလနောက်ပိုင်း ပထမဆုံး အနိုင်ပွဲကို စပါးတို့ ရှာဖွေနိုင်ခဲ့သည်။ **(အောက်ပုံ)**

လီဗာပူးသရေ

လီဗာပူးတို့ ဝူလ်ဗာဟမ်တန်အိမ်ကွင်းသို့ သွားရောက်ကစားရာ အိမ်ရှင်အသင်း၏ ခြေစွမ်းပြကစားခဲ့မှုကြောင့် ဂိုးမရှိ သရေကျခဲ့ပြီး အမှတ်ပေးဇယားနံပါတ် ၄နေရာရောက်ရှိရေး လီဗာပူးနည်းပြဘင်နီတက်ဇ်၏ ရည်မှန်းချက် အထမမြောက်ခဲ့ပေ။

နိုင်ပွဲများရှာဖွေနေသော ဘော်လ်တန်အသင်းသည် အိမ်ကွင်း၌ ဘန်လေအသင်းကို လက်ခံကစားခဲ့ရာ ချွန်ယွန်လီ၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် အမှတ်ပေးဇယား အောက်ဆုံးသုံးသင်းမှ လွတ်မြောက်လာသည်။ ဘန်လေအသင်းတွင် အဓိကကစားသမားများ ထိခိုက်ဒဏ်ရာ ရနေသဖြင့် အရှုံးပွဲကို လက်ခံလိုက်ရ ကြောင်း ဘန်လေနည်းပြ ဘရိုင်ယန်လောကဆိုသည်။

ပို့စ်မောက်သရေ

နည်းပြဂရန့်၏ ပို့စ်မောက်အသင်းသည် အိမ်ကွင်း၌ တိုက်စစ်မှူး ဒန်နီဝက်ဘာကယ်တင်ဂိုးကြောင့် ဝက်စ်ဟမ်းနှင့်တစ်မှတ်စီ ခွဲဝေယူနိုင်ခဲ့သည်။ ဝက်စ်ဟမ်းမှ အပ်ဆွန်က ပွဲချိန် ၅၂မိနစ်တွင် ဦးဆောင်ဂိုးသွင်းခဲ့သည်။ သို့သော် ပွဲချိန် ၇၆မိနစ်ရောက်မှ ဒန်နီဝက်ဘာက ပို့စ်မောက်အတွက် ချေပဂိုး သွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းသည်

ဩစတြေးလျ အိုးပင်း ဆီရီနာအနိုင်ရ

မဲလ်ဘုန်း ဇန်နဝါရီ ၂၇

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကို မဲလ်ဘုန်းမြို့၌ ဆက်လက်ယှဉ်ပြိုင် ကစားလျက်ရှိရာ လက်ရှိချန်ပီယံ ဆီရီနာဝီလျံက ဗစ်တိုးရီးယားအဇာရင်ကာအား အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသည်။

အကြိုဗိုလ်လုပွဲ

အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံသည် ပြိုင်ပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရပြီး ၄-၆၊ ၇-၆ (၇-၄)၊ ၆-၂ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဆီရီနာ၏ အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံသည် တရုတ်တင်းနစ်မယ် လီနာအားရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ဆီရီနာဝီလျံနှင့် တရုတ်တင်းနစ်မယ်လီတို့သည် အကြိုဗိုလ်လုပွဲအဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ တရုတ်တင်းနစ်မယ် ကျိကျန်းသည်လည်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ရာ ဘယ်လ်ဂျီယံတင်းနစ်မယ် ဂျပ်စတင်းဟေနင်နှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အင်တာနက်)

ဟဲဗီးဝိတ်ချန်ပီယံခါးပတ်လုပွဲ ဒေးဗစ်ဟေးနှင့် ဂွျန်ရုစ်ထိုးမည်

လန်ဒန် ဇန်နဝါရီ ၂၇

ဗြိတိသျှလက်ဝှေ့အကျော် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ဒေးဗစ်ဟေးသည် အမေရိကန် လက်ဝှေ့သမားဂွျန်ရုစ်နှင့် လာမည့် ဧပြီ ၃ရက်တွင် မန်ချက်စတာမြို့၌ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ဒေးဗစ်ဟေး**(ယာပုံ)** သည် ပြီးခဲ့သည့် နိုဝင်ဘာလက ရုရှားလက်ဝှေ့သမား ဗလုယက် အားထိုးသတ်ပြီး ဒဗလျူဘီအေ ဟဲဗီးဝိတ် ချန်ပီယံခါးပတ် ရယူထားသူဖြစ်သည်။ အမေရိကန်လက်ဝှေ့သမား ဂွျန်ရုစ်ကဟဲဗီး ဝိတ်ချန်ပီယံခါးပတ်အတွက် ဒေးဗစ်ဟေးအား ပထမဆုံးစိန်ခေါ်ထားသည်။ **(အင်တာနက်)**

တိုက်စစ်မှူး မက္ကာသီအား ဝက်စ်ဟမ်း စာချုပ်မည်

လန်ဒန် ဇန်နဝါရီ ၂၇

တောင်အာဖရိက တိုက်စစ်မှူး ဘင်နီမက္ကာသီအား ဝက်စ်ဟမ်းအသင်းက ဘလက်ဘန်းအသင်းမှ ပြောင်းရွှေ့ကြေးကိစ္စ သဘောတူခဲ့ပြီးနောက် စာချုပ်ရန် အသင့်ရှိနေသည်။ အသက် ၃၂နှစ်ရှိ မက္ကာသီသည် ယခုနှစ်ဘောလုံးရာသီတွင် ဘလက်ဘန်းအသင်းအတွက် အစပွဲကိုးပွဲသာ ကစားခွင့်ရခဲ့သည်။ ဝက်စ်ဟမ်းက ဘာစီလိုနာ ကစားသမားဟောင်း ဂွတ်ဂျွန်ဆင်ကိုလည်း အငှားခေါ်ယူရန် ကြိုးစားလျက်ရှိသည်။ သို့သော်လည်း မက္ကာသီကို ဝက်စ်ဟမ်းက ခေါ်ယူရန် ပို၍နီးစပ်သွားပြီ ဖြစ်သည်။ **(အင်တာနက်)**

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

အနယ်လ်ကာဆက်ရှိရေး သေချာဟု အန်ဆယ်လော့တီဆို

ချယ်လ်ဆီးအသင်းမှ ပြင်သစ်တိုက်စစ်မှူး အနယ်လ်ကာသည် ချယ်လ်ဆီးနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ပျက်ပြယ်သွားသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ချယ်လ်ဆီးအသင်းတွင်ဆက်ရှိရေးမှာ ရာနှုန်းပြည့်သေချာကြောင်း နည်းပြအန်ဆယ်လော့တီက ပြောကြားခဲ့ကြောင်း အေအက်ဖ်ပီ၌ ဖော်ပြသည်။

ဂိုးသမားဒီဂီယာအားခေါ်ယူရေး မန်ယူနှင့်အပြိုင် ဝီဂန်ကြိုးပမ်း

အက်သလက်တီကို မက်ဒရစ် ဂိုးသမား ဒေးဗစ်ဒီဂီယာအား စာချုပ်ခေါ်ယူရေးအတွက် ဝီဂန်အသင်းသည် မန်ယူအသင်းနှင့်အပြိုင် ကြိုးပမ်းလျက်ရှိကြောင်း အီးအက်စ်ပီအင်န်၌ ဖော်ပြသည်။

လိဒ်တိုက်စစ်မှူး ဘက်ဖို့ဒ်အား ခေါ်ယူရန် အဲဗာတန်စီစဉ်

အဲဗာတန်အသင်းသည် လိဒ်တိုက်စစ်မှူး ဂျာမိန်းဘက်ဖို့ဒ်အား ပြောင်းရွှေ့ကြေး ပေါင်နှစ်သန်းဖြင့် ကမ်းလှမ်းစာချုပ်ခေါ်ယူရန် စီစဉ်နေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဘလက်ဘန်းမှဂရီလာအား ဇင်းနစ် ကမ်းလှမ်း

ဘလက်ဘန်းကွင်းလယ်ကစားသမား ဗင်ဆင့်ဇိုဂရီလာအား ရုရှားအသင်းဇင်းနစ်စိန့်ပီတာစဘတ်က ပေါင် ၄ ဒသမ ၃သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းခဲ့ကြောင်း အိုင်အမ်စကောက်တီး၌ ဖော်ပြသည်။

ဘတ်ဖွန်းအားခေါ်ယူရေး မန်ယူနှင့် မန်စီးတီး အပြိုင်ကြိုးပမ်း

ဂျူဗင်းတပ်စ်အသင်းမှ အီတလီလက်ရွေးစင်အသင်းဂိုးသမား ဘတ်ဖွန်းက အသင်းမှထွက်ခွာမည်ဟု ဖွင့်ဟပြောကြားခဲ့ပြီးနောက် ၄င်းအား မန်ယူနှင့် မန်စီးတီး အသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြကြောင်း တတ်တိုစပေါ့ထ်၌ ဖော်ပြသည်။

ဝီလ်ရှီရီအား အာဆင်နယ် အငှားချမည်

အာဆင်နယ်ကွင်းလယ်ကစားသမား ဂျက်ခ်ဝီလ်ရှီရီအား ယခုအပြောင်းအရွှေ့ရာသီတွင် အငှားချထားမည်ဟု နည်းပြဝင်းဂါးက ပြောကြားခဲ့ကြောင်း၊ ဝက်စ်ဟမ်း၊ ဘော်လ်တန်၊ ဘန်လေနှင့် အက်ဖ်စီတွန်တီး အသင်းများကလည်း အသက် ၁၈နှစ်ရှိ ၄င်းအားခေါ်ယူရန် ဆက်သွယ်မှုများ ပြုလုပ်နေကြကြောင်း အာဆင်နယ်ဝက်ဘ်ဆိုက်၌ ဖော်ပြသည်။

ဆန်းတို့စ်အား ရာသီကုန်အထိ စပါးအငှားချမည်

စပါးအသင်းမှ ဂျီယိုဗန်နီဒေါ့စ်ဆန်းတို့စ်အား ယခုဘောလုံးရာသီကုန်သည်အထိ ဂါလာတာစာရေးအသင်းသို့ အငှားချမည်ဖြစ်ကြောင်း စကိုင်းစပို့ထ်၌ ဖော်ပြသည်။

ခရစ္စမောလင်းအား မန်ယူကမ်းလှမ်းမှု ဖူလ်ဟမ်လက်ခံခဲ့

ဖူလ်ဟမ်ခံစစ်မှူး ခရစ္စမောလင်းအား မန်ယူက ခေါ်ယူရန်ကမ်းလှမ်းမှုကို ဖူလ်ဟမ်အသင်းက လက်ခံခဲ့ကြောင်း စကိုင်းစပို့စ်၌ ဖော်ပြသည်။

လီဗာပူးအသင်းကို ဂျရတ် မပစ်ပယ်ဟု ဘင်နီတက်ဇ်ဖွင့်ဟ

လီဗာပူးအသင်းအကျပ်ဆိုက်နေချိန်တွင် အသင်းခေါင်းဆောင် စတီဗင်ဂျရတ်သည် အသင်းကို ကျောခိုင်းထွက်ခွာသွားမည်မဟုတ်ဟု နည်းပြဘင်နီတက်ဇ်က ဖွင့်ဟခဲ့ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

မန်ယူတွင် ဆက်ရှိနေမည်ဟု ရွှန်နေကတိပြု

မကြာသေးမီ သီတင်းပတ်များက ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့၏ ကမ်းလှမ်းမှုကိုခံခဲ့ရသော ဝိန်းရွှန်နေက ၄င်းအနေဖြင့် မန်ယူအသင်းတွင်သာ ဆက်ကစားမည်ဟု ကတိပြုခဲ့ကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ပက်ဗလူချင်ကိုအား ခေါ်ယူရေး ဘာမင်ဂမ်ကြိုးပမ်း

ဘာမင်ဂမ်အသင်းသည် စပါးအသင်းမှ ရုရှားတိုက်စစ်မှူး ပက်ဗလူချင်ကိုအား စာချုပ်ခေါ်ယူနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ခံစစ်မှူးကဘူးလ်အား ဆန်းဒါးလန်း ခေါ်ယူရန်စီစဉ်

ပို့စ်မောက်အသင်းမှ ဘယ်နောက်ခံလူ ယွန်နက်စ်ကဘူးလ်အား ဆန်းဒါးလန်းအသင်းက ပြောင်းရွှေ့ကြေး ပေါင် ၁၀သန်းဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာစာအဓိက အာစရိယပူဇော်ပွဲကျင်းပမည်

၁၉၆၈-၁၉၇၂ ခုနှစ် မြန်မာစာအဓိက ကျောင်းသား ကျောင်းသူများ၏ နဝမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံရှိ ရှိုင်းနင်းစတားစားသောက်ဆိုင်၌ ဖေဖော်ဝါရီ ၁၄ရက် နံနက် ၉နာရီတွင်ကျင်းပမည် ဖြစ်သည်။

မြို့မကျောင်းသား ကျောင်းသူဟောင်းများ ထမနဲပွဲကျင်းပမည်

မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းက ကြီးမှူးကျင်းပမည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲပွဲကို ဇန်နဝါရီ ၂၉ရက် (သောကြာနေ့)ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စံကားဝါလမ်း အမှတ်၆ရှိ အသင်းခန်းမ၌ ကျင်းပမည် ဖြစ်သည်။

သူနာပြုဒီပလိုမာ မြတ်ဆရာပူဇော်ပွဲ

၁၉၈၇-၁၉၉၁ခုနှစ်တွင် တက်ရောက်ခဲ့သော သူနာပြုဒီပလိုမာ ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ်တွေ့ဆုံပွဲနှင့် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ရက် ညနေ ၃နာရီတွင် သူနာပြုတက္ကသိုလ် (ပင်မ)အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အင်္ဂလိပ်စာမိသားစု အာစရိယပူဇော်ပွဲ

ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏အင်္ဂလိပ်စာဌာနများမှ အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ဒသမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

သစ်သီးအလှပြုပြင်မှုသင်တန်း ဖွင့်မည်

မြန်မာနိုင်ငံပန်းဝါသနာရှင်များအသင်းကကြီးမှူးဖွင့်လှစ်မည့် သစ်သီးအလှပြုပြင်မှု သင်တန်းကို ဖေဖော်ဝါရီ ၁ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံးခန်းမဆောင်၌ ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အကြိမ်(၃၀)မြောက် သွားဘက်ဆိုင်ရာဆရာဝန်ညီလာခံ

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ အကြိမ်(၃၀)မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း ညီလာခံနှင့် 11 th FDI-MDA Joint Educational Meeting ကို ဇန်နဝါရီ ၂၇ရက်မှ ၃၀ရက်အထိ ကျင်းပလျက်ရှိသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဈေးရောင်းပွဲကျင်းပမည်

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့မှ ကြီးမှူးကျင်းပသည့် တတိယ အကြိမ် စာအုပ်ဈေးရောင်းပွဲကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာဝင်းအတွင်း ဇန်နဝါရီ ၂၆ ရက်မှစ၍ ဖေဖော်ဝါရီ ၂ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း ခင်းကျင်းရောင်းချလျက်ရှိသည်။

မောင်မြန်မာ၊ မယ်မြန်မာ ပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် Myanmar Distribution Co., Ltd. တို့ ပူးပေါင်းကျင်းပမည့် မောင်မြန်မာ၊ မယ်မြန်မာ (၂၀၁၀)ပြိုင်ပွဲကို ဇန်နဝါရီ၃၀ရက်(စနေနေ့) မွန်းတည့်၁၂နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်ဖြစ်ရာ မောင်မြန်မာအငယ်တန်း၊ အကြီးတန်းနှင့် မယ်မြန်မာအလွတ်တန်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ဆန်စပါးလုပ်ငန်းအသင်းလိုဂို ပြိုင်ပွဲဝင်များဖိတ်ခေါ်

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းတွင်အသုံးပြုမည့် အသင်း၏ လိုဂို သတ်မှတ်ရန်အတွက် ပြိုင်ပွဲဝင်ရောက်ရန် ဖိတ်ခေါ်ကြေညာထားရာ ပြိုင်ပွဲဝင်လိုသူများ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံဆန်စပါးလုပ်ငန်း အသင်းရုံးခန်း ဖုန်း- ၂၁၄၃၄၄မှ ၂၁၄၃၄၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ - ဝင်းကျော်

ပေါက်ကောင်းကျစ်ချောင် အမှတ်-၂ (PK-2)မှ ပရိုင်းမိတ်စွယ်သွားတစ်ချောင်း ရှာဖွေတွေ့ရှိ

နေပြည်တော် ဇန်နဝါရီ ၂၇

လူသားမျိုးနွယ်စု၏ မူလအစဖြစ်သည့် အဆင့်မြင့်ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေလေ့လာ သုတေသနပြုနိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မြောက်ပိုင်း) မန္တလေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးညွန့် ဦးဆောင်သော ပရိုင်းမိတ်နှင့်အခြားနို့တိုက်သတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေလေ့လာရေး သုတေသနအဖွဲ့သည် ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၀ရက်မှစ၍ မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ဗဟင်းကျေးရွာအုပ်စု ပေါက်ကောင်းကျေးရွာအနီးတစ်ဝိုက်၌ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများ ကွင်းဆင်းရှာဖွေလေ့လာခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

ရှာဖွေတွေ့ရှိ

ထိုသို့ဆောင်ရွက်ခဲ့စဉ်အတွင်း ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင် ပေါက်ကောင်းကျေးရွာ၏ အနောက်မြောက်ဘက် ပေါက်ကောင်းကျစ်ချောင် အမှတ်-၂ (PK-2) မှ ကျောက်ဖြစ်ရုပ်ကြွင်းစွယ်သွားတစ်ချောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ဒေါက်တာသောင်းထိုက်၏ သုတေသနပြု လေ့လာတွေ့ရှိချက်အရ ၎င်းစွယ်သွားသည် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း၊ ဘယ်ဘက်အောက်အစွယ်ဖြစ်ကြောင်းနှင့် အမျိုးအစားအားဖြင့် မြန်မာပီးသီးကပ် (Myanmar Pithecus SP)ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာကုန်သွယ် ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ (၁၀) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ မြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးစန်းခိုင်လှက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဦးက ၂၀၀၈-၂၀၀၉ခုနှစ် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက် ရယူသည်။

ယင်းနောက် အသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အသင်းဝင်များက တင်ပြဆွေးနွေးကြပြီး မြန်မာကုန်သွယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းအတွက် Myanmar Industrial Port က ငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ Ray Shipping Enterprise Limited က ငွေကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဥက္ကဋ္ဌ ဦးစန်းခိုင်လှက လက်ခံကာ နိဂုံးချုပ်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီမြို့နယ် မဲပလဲ့ကျေးရွာ DTH စနစ် ရုပ်သံဖမ်းစက် တပ်ဆင်ပေးအပ်

မြဝတီ ဇန်နဝါရီ ၂၇

မြဝတီမြို့နယ် မဲပလဲ့ကျေးရွာရှိ ကျေးရွာနေ ပြည်သူများ MRTV နှင့် MRTV-4 ကြည့်ရှုနိုင်ရန်အတွက် DTH စနစ် ရုပ်သံဖမ်းစက်တပ်ဆင်ခြင်းကို ဇန်နဝါရီ ၂၀ရက်က ကျေးရွာပညာဘဏ်တိုက် စာကြည့်တိုက်၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်အုန်းသွင်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းတင်လှနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ ကျေးရွာစာကြည့်တိုက်တွင် DTH စနစ် ရုပ်သံဖမ်းစက်တပ်ဆင်ကြသည်။ **(အပေါ်ပုံ)** အလားတူ ပေါလောကျေးရွာ၊ ထီးဝါကလေးကျေးရွာနှင့် ဖားကလူးကျေးရွာများ၌လည်း တပ်ဆင်ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

သနပ်ပင်မြို့နယ် သနပ်ပင်-ခရမ်း-သုံးခွကျေးလက်ဂဝံလမ်းပေါ်ရှိ မေတ္တာပေါင်းကူး သစ်သားတံတားကို ကြံ့ခိုင်ကောင်းမွန်မှု ရှိ မရှိကို ဇန်နဝါရီ ၁၈ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဝေက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ကျောက်တိုင်လမ်းတစ်မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းဦးတို့က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်း၍ ပို့ကုန်စီးပွားရေးဆိုင်ရာ သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံမှ ပို့ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ပိုမိုထိုးဖောက်ဝင်ရောက်နိုင်ရန် ရည်ရွယ်လျက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နှင့် ထိုင်းနိုင်ငံ Department of Export Promotion, Ministry of Commerce တို့ပူးပေါင်း၍ Managing a Competitive Export Business သင်တန်းတစ်ရပ်ကို ဇန်နဝါရီ ၂၀ရက်မှ ၂၂ရက်အထိ UMFCCI Office Tower ၌ ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၂ရက် ညနေ ၄ နာရီတွင် ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ Department of Export Promotion, International Trade Training Institute မှ Executive Director Mr. Supapat Ongsangkoon နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ဆွေးနွေးပို့ချ

သင်တန်း၌ ထိုင်းနိုင်ငံ Department of Export Promotion မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ကျွမ်းကျင်သူ စီးပွားရေးလုပ်ငန်းရှင်များက Business Planning, International Financial Management System, Risk Management for Export, Costing and Pricing for Export Products ဘာသာရပ်များကို ဆွေးနွေးပို့ချသွားကြောင်း သိရသည်။

ချီးမြှင့်ပေးအပ်

အဆိုပါ သင်တန်းသို့ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အသင်းဝင်ကုမ္ပဏီများမှ ဒါရိုက်တာ ဝန်ထမ်းများ၊ ညီနောင်အသင်းများ၏ အသင်းဝင်ကုမ္ပဏီများမှ ဒါရိုက်တာ ဝန်ထမ်းများ စုစုပေါင်း ၁၂၀ ပါဝင်တက်ရောက်ကြ၍ သင်တန်းဆင်းလက်မှတ်များကို International Trade Training Institute မှ Executive Director Mr. Supapat Ongsangkoon က ချီးမြှင့်ပေးအပ်သည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ဦးစန်းအောင်(Special Training Project Manager,Myanmar Tractors Ltd.)-
ဒေါ်သန်းသန်းဆွေ(လ/ထညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)တို့၏
တစ်ဦးတည်းသောသား

ဗိုလ်ကြီးအောင်ပြည့်ဖြိုး

B.C.Sc(D.S.A),M.E.Tech(ISC), Russia

နှင့်

ဗိုလ်မှူးကြီးတင်စိုး(ငြိမ်း) (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-
ဒေါ်စမ်းစမ်းဝင်းတို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာမေကြည်လဲ့ရည် M.B.,B.S(Ygn)

လ/ထဆရာဝန်၊ သဃ်္ဃန်းကျွန်းစံပြဆေးရုံ၊ ရန်ကုန်မြို့

တို့၏ ၂၄-၁-၂၀၁၀ရက် (တနင်္ဂနွေနေ့)တွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုးတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီးတို့အားလည်းကောင်း၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ခဲ့သော ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် ဇနီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးအကြီးအကဲများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်သက်လင်း (MRTV)၊ သတို့သားအရံဗိုလ်ကြီးစိုးဇာနည်နှင့် ဗိုလ်ကြီးနေမျိုးဝင်း၊ သတို့သမီးအရံမကေဇင်ဦးနှင့် မခင်စိုးစံသွယ်၊ မင်္ဂလာပန်းကြဲသူ မငြိမ်းငြိမ်းဝင့်အောင်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်သူမရတနာတင်နှင့် မနွေးနွေးသန့်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော တေးသံရှင်ဟေမာနေဝင်းနှင့် စန္ဒရားကွန်းဇော်တေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင်ဝတ်စုံ၊ လက်ဝတ်ရတနာနှင့် လက်ကိုင်ပန်းစီစဉ်ပေးသော မိုးကုတ်ပေါက်ပေါက်၊ ဧည့်ခံကျွေးမွေးပေးသော ရွှေနန်းတော်ဟိုတယ်မန်နေဂျာနှင့် ဝန်ထမ်းများ၊ ပန်းအလှဆင်ပေးသော Remember Me မှ ဒေါ်စောယုနွယ်နှင့်အဖွဲ့၊ ဓာတ်ပုံဗီဒီယိုမှတ်တမ်းတင်ပေးသော Forever Wedding Photo Group တို့အားလည်းကောင်း၊ ၂၁-၁-၂၀၁၀ရက် (ကြာသပတေးနေ့)တွင် ရွှေနန်းတော်ဟိုတယ်၌ကျင်းပသည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးမြသိန်း၊ အသိသက်သေ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် ဗိုလ်မှူးကြီးဝင်းမြင့်တို့အားလည်းကောင်း၊ ၂၃-၁-၂၀၁၀ ရက်(စနေနေ့)တွင် နေပြည်တော်၌ပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးသို့ကြွရောက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၇-၁-၂၀၁၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ပြင်ဦးလွင်မြို့ Royal Reward Resort ၌ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲအခမ်းအနားတွင် မင်္ဂလာဩဝါဒစကားချီးမြှင့်ပေးပါသော ပြင်ဦးလွင်မြို့မှ ဗိုလ်မှူးချုပ်ဇေယျာအောင်နှင့်ဇနီး၊ တက်ရောက်ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်ဘက်နယ်ဘက်မှ ဧည့်သည်တော်များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအသီးသီးအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသူများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဗိုလ်ကြီးအောင်ပြည့်ဖြိုး-ဒေါက်တာမေကြည်လဲ့ရည်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

Ngu Shwe War Co., Ltd.

Nippon Noodle စက်ရုံ ၂၆-၁-၂၀၁၀ရက်တွင် ဖွင့်လှစ်နိုင်ခြင်းကြောင့် များစွာဂုဏ်ယူ ဝမ်းမြောက်မိပါသည်။

Managing Director

John @ Aung Naing Oo

JOHN ENGINEERING Co., Ltd.

ကျေးရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မင်္ဂလာဦးဆုတောင်းလွှာ

ဗိုလ်ကြီးအောင်ပြည့်ဖြိုး နှင့် ဒေါက်တာမေကြည်လဲ့ရည်တို့၏ ၂၄-၁-၂၀၁၀ရက်တွင် ကျရောက်သော မင်္ဂလာဦးရက်မြတ်မှစ၍ ပျော်ရွှင်မှုများစွာဖြင့် မင်္ဂလာရွှေလက်တွဲပြီး ဘဝခရီးမှာ အတူလျှောက်လှမ်း ခိုင်မြဲပျော်ရွှင်ချမ်းမြေ့ကြပါစေ-

ဖွားဖွားခင်နှင့် အန်တီပုတ်
ဦးဉာဏ်ဝင်းနှင့် အန်တီမို့ (PPE)
ဦးကျော်သက်ဦးနှင့် အန်တီမိ(လဝက)
ဦးဖက်တီးနှင့် အန်တီအိထွေး
ဦးဇော်ဝမ်း။

Sweet Angel
Nail & Beauty
ပညာဒါနတန်းခွဲသစ်
ဆံပင်ညှပ် ၁-၂-၂၀၁၀ရက် Nail Art ၂၈-၁-၂၀၁၀ရက်စမည်။
အခန်း ၄၀၆၊ ပန်းခြံတာဝါ၊ မြေနီကုန်း၊
ဖုန်း-၀၁-၅၃၈၅၁၀၊ ၀၉-၅၁၀၇၃၄၇။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်ပျဉ်းမနား၊ ပေါင်းလောင်းရပ်ကွက်၊ ဒေါနလမ်း၊ အမှတ် ၁၄/၅၄၁နေ ဦးကျော်ဝင်း-ဒေါ်ညွန့်မေတို့၏သား မောင်ကျော်မင်းအောင် ၉/ပမန(နိုင်)၁၄၆၂၁၈သည် မိဘတို့အပေါ် ကြိမ်ဖန်များစွာ စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် မည်သည့် ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဖခင်-ဦးကျော်ဝင်း ၉/ပမန(နိုင်)၀၂၃၁၄
မိခင်-ဒေါ်ညွန့်မေ ၉/ပမန(နိုင်)၀၂၂၉၁၁။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရေစကြိုမြို့၊ အမှတ်(၅)ရပ်ကွက်၊ ရွှေဘုန်းပွင့်လမ်းနေ ဦးဟန်ပ-ဒေါ်ကြည်စိုးတို့၏သမီး မထိုက်ထိုက်စိုး ၈/ရစက(နိုင်)၁၂၅၃၃၄သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင်-ဦးဟန်ပ ၈/ရစက(နိုင်)၀၀၂၇၇၇
မိခင်-ဒေါ်ကြည်စိုး ၈/ရစက(နိုင်)၀၀၂၇၇၈။



မွန်မိသားစု
မိတ်ဆုံစားပွဲကျင်းပမည်

၁၃၇၁ခုနှစ် တပို့တွဲလပြည့်ကျော် ၁ရက် (ဇန်နဝါရီ ၃၀ရက်) ညနေပိုင်းတွင် မွန်မိသားစု မိတ်ဆုံစားပွဲကို Inya Lake Hotel မြက်ခင်းပြင်၌ ကျင်းပမည် ဖြစ်ပါသည်။



အလိမ္မာ စာမှာရှိ

ကော့ခမယ် အထက(မော်လမြိုင်)မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကော့ခမယ် အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာကြီး ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၇ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် အဆိုပါကျောင်းပညာမွန်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးမှ ကန်တော့ခံ အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများ နိုင်မောင်တိုး ဖုန်း-၀၁-၂၀၁၆၂၆၊ နိုင်ကျန်ရစ် ဖုန်း-၀၅၇-၂၇၈၂၈၊ ဦးစိုးအောင် ဖုန်း-၀၅၇-၂၇၈၇၀၊ ဒေါ်မေဆန်း ဖုန်း-၀၅၇-၂၇၆၅၈၊ ဒေါ်စိုးမြင့် ဖုန်း-၀၁-၅၇၃၆၁၁ လိုင်းခွဲ၂၃၅၊ ဦးရိုး၊ ဒေါ်မိငယ် ဖုန်း-၀၁-၅၄၆၄၀၄၊ ၀၁-၅၅၆၅၈၄၊ လိုင်းခွဲ ၃၉၄၊ ဦးတင်ထွေးနှင့် ဒေါ်မာလာစိုး၊ ဖုန်း-၀၉-၅၁-၈၇၀၀၁၊၀၉-၅၀-၃၂၈၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အောင်စကြာ

Technical Service Co., Ltd.
(License No.389. 2006-2007)

ဆေးဝါးကျွမ်းကျင်အကူနှင့် သူနာပြုအကူသင်တန်း

လျှောက်လွှာခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်နဝမတန်း၊ တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများ၊ ဘွဲ့ရရှိပြီးသူများ ဖြစ်ရမည်။

၂။ (က) ခိုင်မာသော နောက်ဆုံးပေါ် သင်ရိုးညွှန်းတမ်းစာအုပ်များပေး၍ ပြည်တွင်းပြည်ပ အတွေ့အကြုံရှိ ဆရာ ဆရာမများဖြင့် သင်ကြားပေးမည်။
(ခ) လက်တွေ့ကျွမ်းကျင်စေရန် ကုမ္ပဏီပိုင်ဆေးဆိုင်တွင် သင်ကြားပေးမည်။

၃။ (က) ဆေးဆိုင်၊ ဆေးခန်းဖွင့်မည့်သူများကို အစအဆုံးကူညီပေးမည်။
(ခ) ဆေးမျိုးစုံ လက်လီလက်ကားဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးမည်။
(ဂ) (သုံး)လသင်တန်းပြီးဆုံးပါက အခြားလိုအပ်သောနေရာများတွင် အလုပ်ပြန်ခန့်မည်။ တစ်နှစ်(Diploma)သင်တန်းပြီးဆုံးပါက ကုမ္ပဏီတွင် အလုပ်ပြန်ခန့်မည်။
(ဃ) ပြည်ပအလုပ်အကိုင်အတွက် ကုမ္ပဏီမှ အကူအညီပေးမည်။

အောင်စကြာသင်တန်းဆင်းများကိုယ်တိုင် လာရောက်အပ်နှံပေးပါက ကျပ် ၁၀၀၀၀ တိတိပေးမည်။

သင်တန်းဖွင့်မည့်နေ့ရက်	-	ဇန်နဝါရီ ၃၀ရက် (Sat & Sun) ဇန်နဝါရီ ၃၁ရက် (Sun) ဖေဖော်ဝါရီ ၁ရက် (Mon to Fri)
ရန်ကုန်ရုံးချုပ်	-	အမှတ် (၁၁၂)၊ တတိယထပ်၊ ၃၉လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၈၄၆၄၈၊ ၀၁-၃၇၆၀၇၃။
မြေနီကုန်းရုံးခွဲ	-	အမှတ်(၂၄၉)၊စတုတ္ထထပ်၊ 119 Store အပေါ်ထပ်၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၉-၅၁-၅၈၆၃၈၊ ၀၁-၃၇၆၀၇၃ (ဓာတ်လှေကားပါ)
မန္တလေးရုံးခွဲ(၁)	-	အမှတ်(၉/A-၂)၊ ၇၆လမ်း၊ (၂၇×၂၈)လမ်းကြား၊ ဖုန်း -၀၉-၈၆-၂၅၉၃၄။
မန္တလေးရုံးခွဲ(၂)	-	အမှတ်(၅၀၁)၊ အကြော်တန်းရပ်ကွက်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ စစ်ကိုင်း၊မန္တလေးလမ်းမကြီး၊ချမ်းမြသာစည်မြို့နယ်၊ ဖုန်း-၀၉-၅၀-၈၂၂၂၀။
မိုးကုတ်ရုံးခွဲ	-	၅/က-၇၄၊ ရွှေစံပယ်လမ်း၊ ပိတ်စွယ်ရပ်ကွက်၊ နယ်မြေ(၅)၊ မိုးကုတ်မြို့၊ ဖုန်း-၀၉-၅၀-၄၈၈၈၃။
ပြင်ဦးလွင်ရုံးခွဲ	-	အမှတ် (တ/၇၁)၊ ရတနာလမ်းနှင့် ပိတောက်လမ်းထောင့်၊ရပ်ကွက်(၈)၊ ပဒေသာမြို့သစ်၊ ဖုန်း-၀၈၅-၂၉၂၁၁။
မုံရွာရုံးခွဲ	-	အမှတ်(၄၅)၊ ကျောက္ကာလမ်းမြောက်ဘက်၊ ပေ ၈၀လမ်း၊ အရှေ့ဘက်၊ သလ္လာ(၅)ရပ်ကွက်၊ ဖုန်း-၀၉-၅၁-၁၆၈၃၈။
ကျောက်ဆည်ရုံးခွဲ	-	အမှတ်(၃၄၂)၊ တံစိုးဂိတ်လမ်း၊ အေးမြကြည်လင်ရပ်ကွက်၊ ကျောက်ဆည်မြို့၊ ဖုန်း-၀၉-၅၀-၄၈၈၈၃။
နေပြည်တော်ရုံးခွဲ	-	အမှတ်(၃၀၃၈)၊ရာဇဌာနီလမ်း၊ ဘောဂသီရိကားဝင်းအနီး၊ ဖုန်း-၀၆၇-၂၂၂၉၆၊ ၀၆၇-၂၂၇၆၇။
အောင်ပန်းရုံးခွဲ	-	အမှတ်(၁၂၇)၊ ပင်းတယလမ်း၊ ရပ်ကွက်(၃)၊ဖုန်း-၀၈၁-၆၁၀၁၁။
ပြည်ရုံးခွဲ	-	အမှတ်(၁၅၁၀)၊ ရွှေတစ်ချောင်းဝါရုံလမ်းထိပ်၊ ရွှေလက်လှ ရပ်ကွက်၊ ဖုန်း-၀၅၃-၂၁၆၃၆။
စစ်တွေရုံးခွဲ	-	အမှတ်(၃၃)၊ ရေတွင်းလမ်း၊ ကျေးပင်ကြီးရပ်ကွက်၊ စစ်တွေမြို့၊ (အင်းဝဘဏ်ရှေ့)၊ ဖုန်း-၀၄၃-၂၃၀၇၇။
မကွေးရုံးခွဲ	-	A-၃ အထက(၁)လမ်းနှင့် တမာပင်လမ်းထောင့်၊ ကန်သာရပ်၊ ဖုန်း-၀၉-၅၀-၄၈၈၈၃၊ ၀၉-၅၀-၄၁၂၈၄။
ကျောက်ပန်းတောင်း	-	အမှတ်(၁၀)၊ မြို့မရပ်၊ ဗိုလ်ချုပ်လမ်း၊ ဖုန်း-၀၉-၅၀၄၈၈၈၃။
ချောက်မြို့ရုံးခွဲ	-	အမှတ်(၉၈)၊မဟာဗန္ဓုလလမ်းနှင့်တန်းမြင့်လမ်းထောင့်၊ ဗဟိုကွက်သစ်ရပ်၊ ဖုန်း-၀၆၁-၂၁၆၇၃၊ ၀၉-၅၀-၄၈၈၈၃။
ပုသိမ်ရုံးခွဲ	-	အမှတ်(၂၃၉၁)၊ အနော်ရထာလမ်း၊ ရယက(၃)ရပ်ကွက်။ ဖုန်း-၀၉-၈၆-၂၂၂၃၇။
မော်လမြိုင်ရုံးခွဲ	-	အမှတ်(၃၅၁)၊ အောက်လမ်းမကြီး၊ မရမ်းကုန်းရပ်ကွက် ဖုန်း-၀၉-၅၁၂၉၉၈၅။
ထားဝယ်ရုံးခွဲ	-	အမှတ်(၁၁၂)၊ အနောက်ရပ်၊ ဦးကျော်ရင်လမ်း၊ အောင်ပွဲရုံနှင့်မျက်နှာချင်းဆိုင်၊ ထားဝယ်မြို့၊ဖုန်း-၀၉-၅၁၄၇၄၇၂။
မြိတ်ရုံးခွဲ	-	တက္ကသိုလ်ရိပ်သာလမ်း၊ ကလွင်ရပ်၊ ဖုန်း-၀၉-၅၀၀၇၃၃၉။
ကော့သောင်း	-	၁၁၃/၁၁၄၊ ဗိုလ်ချုပ်လမ်း၊ အောင်သုခရပ်ကွက်၊ ဖုန်း-၀၉-၅၁-၃၄၀၅၃။
မခုတ္တူရုံးခွဲ	-	အမှတ် ၁၁ရပ်ကွက်၊ ၁၁နှင့် ၁၂လမ်းကြား၊ မြိုင်လမ်း၊ ဖုန်း-၀၉-၅၀-၄၈၈၈၃။

သင်တန်းတက်ရောက်ရာတွင် အဆင်မပြေမှုများ၊ ဝေဖန်အကြံပြုလိုသည်များရှိပါက ဖုန်း ၀၉-၅၁-၅၈၆၃၈ သို့ ဆက်သွယ်၍ ဆွေးနွေးနိုင်ပါသည်။

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်

ရေတာရှည်မြို့နယ် နတ်ရေတွင်းကျေးရွာ၌ဖွင့်

ရေတာရှည် ဇန်နဝါရီ ၂၇

တောင်ငူခရိုင် ရေတာရှည်မြို့နယ် နတ်ရေတွင်းကျေးရွာ တက်နေဝန်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၈ရက် နံနက်၁၀နာရီက အဆိုပါစာကြည့်တိုက်ရှေ့တွင်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)ရုံး တောင်ငူမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်အေးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းမောင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးသန်းထွန်းက စာကြည့်တိုက်အဆောက်အအုံသစ်များ ရေရှည်တည်တံ့ရေး ဆွေးနွေးပြောကြားပြီး နတ်ရေတွင်း ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်ဦးစိုးမြင့်က ကျေးရွာပြည်သူများ စာများများဖတ်လာရေး ဆွေးနွေးပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ ဓာတုဗေဒ

မင်္ဂလာပါ တပည့်တို့-

ဒီကနေ့ဆွေးနွေးမယ့် သင်ခန်းစာကတော့ လာမယ့် ၂၀၁၀ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူများအတွက် ရည်ရွယ်ပါတယ်။ ထိထိရောက်ရောက်နဲ့ အမှတ်များများရအောင်ရည်ရွယ်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဓာတုဗေဒဘာသာရပ်သင်ယူနေကြတဲ့ ကျောင်းသားကျောင်းသူများ အဓိကသဘောပေါက် နားလည်ထားရမှာကတော့ Grade XI Chemistry ပြဋ္ဌာန်းစာအုပ် Chapter 1 to 15 မှာပါရှိတဲ့ စာအားလုံးကို ကျေညက်အောင် သိရှိလေ့လာတတ်မြောက်ထားဖို့ အရေးအကြီးဆုံး ဖြစ်ပါတယ်။ အဲဒီလို လေ့လာကျက်မှတ်ထားခြင်းအားဖြင့် မေးခွန်းအားလုံးကို ပိုင်ပိုင်နိုင်နိုင် သဘောပေါက် ဖြေဆိုနိုင်မှာဖြစ်ပါတယ်။
ဒါကြောင့်ကျောင်းသားကျောင်းသူများကို မှာကြားလိုတာကတော့-

(၁) ဓာတုဗေဒဘာသာရပ်ကို Grade XI Chemistry ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာအားလုံးကို အခန်းတိုင်း အခန်းတိုင်း ကျေညက်စွာနားလည်သဘောပေါက်အောင် လေ့ကျင့်ထားရန်။

(၂) အခန်းတိုင်းမှာပါတဲ့ Definition များကို အဓိပ္ပာယ်လွဲမှားမှုမရှိစေဘဲ ကျက်မှတ်ထားရန်။ ဥပမာရှိပါက ထည့်သွင်းလေ့ကျင့်ရန်။

(၃) တွက်ချက်မှုဆိုင်ရာအခန်းအလိုက် သဘောတရားမိမိ အဆင့်မကျော်ဘဲ တွက်နိုင်အောင် လေ့ကျင့်ထားရန်။

(၄) ဓာတ်ငွေ့ထုတ်ဖော်ပုံနှင့် ဒြပ်ပေါင်းများ၏ အမြောက်အမြားထုတ်ဖော်ပုံ၊ သတ္တုရိုင်းမှ သန့်စင်သော သတ္တုများထုတ်ဖော်ပုံတို့ကို စုစည်းကျက်မှတ်ရန်။

(၅) ဓာတ်ငွေ့များ၊ ဒြပ်ပေါင်းများ၏ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိ အသုံးဝင်ပုံတို့ကို စနစ်တကျ အကွက်ချ၍ လေ့ကျင့်ရန်။

(၆) အော်ဂဲနစ်ဓာတုဗေဒနှင့် လူနေမှုအဖွဲ့အစည်းနှင့်ဆက်နွယ်နေသော ကဏ္ဍများကို ပိုင်နိုင်အောင် လေ့ကျင့်ထားရန်။

(၇) Objective type question များကို ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာသာမက နှစ်စဉ်စာမေးပွဲ မေးခွန်းဟောင်းများကို လေ့လာထားရန်တို့ ဖြစ်ပါတယ်။

မေးခွန်းဟောင်း ပုံစံကိုလေ့လာကြည့်မယ်ဆိုရင်-

1. TRUE/ FALSE
2. Completion (or) Fill in the blanks
3. Multiple choice
4. Matching
5. Definition
6. Short questions
7. Medium questions
8. Long questions စသည်တို့ဖြင့် ပိုင်းခြားထားပါတယ်။

မေးခွန်းမှာ Section A နဲ့ Section B ဆိုပြီးနှစ်ပိုင်းပါပါတယ်။

No. 1. TRUE or FALSE အမျိုးအစားမှာ (a to g) 7 statements ပါတယ်။ (1 mark for each) ဆိုတော့ 7 marks ဖြစ်ပါတယ်။

No. 2. Completion (or) Fill in the blanks အမျိုးအစားမှာ (a to g) 7 statements ပါတယ်။ (1 mark for each) ဆိုတော့ 7 marks ဖြစ်ပါတယ်။

No. 3. Multiple choice အမျိုးအစားမှာ (a to g) 7 statements ပါတယ်။ (1 mark for each) ဆိုတော့ 7 marks ဖြစ်ပါတယ်။

No. 4. Matching အမျိုးအစားမှာ (a to g) 7 statements ပါတယ်။ (1 mark for each) ဆိုတော့ 7 marks ဖြစ်ပါတယ်။

No. 5. Definition အမျိုးအစားမှာ (a to h) 8 statements ပါတယ်။ (1 mark for each) ဆိုတော့ 8 marks ဖြစ်ပါတယ်။

Section A မှာ **No** (1 to 5) အတွက်စုစုပေါင်း ၃၆ မှတ်ဖိုး ဖြေဆိုကြရမှာ ဖြစ်ပါတယ်။

Section B မှာ **No** 6, 7, 8 ပါ ပါတယ်။

Section B ရဲ့ **No. 6.** Short Questions အမျိုးအစားမှာ (a to f) 6 statements ပါတယ်။ (2 marks for each) ဖြစ်ပြီး Answer all questions ဖြစ်လို့ ၆ပုဒ်လုံး ဖြေဆိုရပါမယ်။ 12 Marks ဖိုးဖြစ်ပါတယ်။

No. 7. Medium questions အမျိုးအစားမှာ (a to h) 8 statements ပါတယ်။ (4 marks for each) ဖြစ်ပြီး Answer any FIVE questions ဖြစ်လို့ မိမိနှစ်သက်ရာ (၅)ပုဒ်ကိုသာ ဖြေဆိုရပါမယ်။ 20 marks ဖိုးဖြစ်ပါတယ်။

No. 8. Long question အမျိုးအစားမှာ (a to h) 8 statements ပါတယ်။ (8 marks for each) ဖြစ်ပြီး Answer any FOUR questions ဖြစ်လို့ မိမိနှစ်သက်ရာ (၄) ပုဒ်ကိုသာ ဖြေဆိုရပါမယ်။ 32 marks ဖိုးဖြစ်ပါတယ်။

ဒါကြောင့် Section B မှာ စုစုပေါင်း ၁၀၈ မှတ်ဖိုးပေးပြီး ၆၄ မှတ်ဖိုးသာ ဖြေဆိုကြရပါမယ်။ Section A, B, နှစ်ခုပေါင်းအတွက်ဆိုရင် ၁၄၄ မှတ်ဖိုးပေးပြီး အမှတ် ၁၀၀ ဖိုး ဖြေကြရမှာဖြစ်ပါတယ်။ အမှတ်ခွဲဝေပုံပြီးသွားပြီဆိုရင် Chapter 1 to 15 အတွက် Chapter အလိုက် စတင်ပြီးဆွေးနွေးသွားပါမယ်။ Chapter (1) မှာ electron, proton, neutron တွေအကြောင်းကို ဦးစွာသိရပါမယ်။ ပြီးရင် Definition တွေကိုရထားဖို့လိုပါတယ်။

Atomic number, mass number, isotopes, electropositive elements, electronegative elements, ionization energy, electron affinity စတဲ့ definition တွေအားလုံးကို ကျေကျေညက်ညက်ရထားဖို့ လိုပါတယ်။

Definition အပိုင်းက (၁)မှတ်တန် မေးခွန်းဆိုရင်တော့ ဥပမာပေးစရာမလိုပါဘူး။ တစ်ခါတစ်ရံမှာ (၂)မှတ်တန်မေးခွန်းအနေနဲ့ Definition ကို နံပါတ် (၆)မှာဖြစ်ဖြစ်၊ နံပါတ်(၇)မှာ ဖြစ်ဖြစ် ထည့်မေးထားရင် ဥပမာထည့်ဖြေပေးဖို့ လိုပါတယ်။

Chapter (1) ရဲ့ Electronic structure, အပိုင်းမှာ Complete electronic structure, essential electronic structure, group number, period တွေကို ရှာတတ်ရပါမယ်။ Valence ရှာတတ်ရမယ်။ Metals, nonmetals, metalloids တွေခွဲတတ်ရမယ်။ Electropositive လား၊ electronegative လား ပြောတတ်ရမယ်။ တစ်နည်းအားဖြင့် Periodic table ကို ကျေကျေညက်ညက် ရရှိထားဖို့ လိုပါတယ်။ Atomic no. 1 ကနေ Atomic no. 20 အထိ ဂရုတစိုက် လေ့ကျင့်ထားဖို့ လိုပါတယ်။ ဒါဆိုရင် Atomic Number သိရုံနဲ့ Atom နဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ရှာဖွေနိုင်ပြီ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ Element တွေရဲ့ Atomic Properties တွေကို နှိုင်းယှဉ်တတ်ရပါမယ်။ ကျောင်းသားကျောင်းသူတွေအနေနဲ့ Atomic Properties တွေဖြစ်တဲ့ Atomic Size, Ionization Energy, Electron Affinity, Electronegativity, Electropositivity တို့ရဲ့ Definition တွေကို သေချာစွာ လေ့ကျင့်ထားဖို့ လိုပါတယ်။ I.A, E.A, E.N တွေဟာ Atomic Size နဲ့ ပြောင်းပြန်အချိုးကျပါတယ်။ ionic size တွေအကြောင်းလည်း သိရပါမယ်။

ဆက်လက်ပြီးတော့ ionic bond, covalent bond, metallic bond, coordinate bond တို့ကိုလည်း ဥပမာတွေနဲ့ သိရှိထားဖို့လိုပါတယ်။ အထူးသဖြင့် Coordinate bond ဖြစ်ဖို့ဆိုရင် Lone pair electron ရှိတဲ့ atom ပါတဲ့ molecule တစ်ခု ရှိရပါမယ်။ electron deficient atom ပါတဲ့ molecule တစ်ခုလည်းရှိရပါမယ်။ ဒီ molecule နှစ်ခု ပေါင်းမှသာ Coordinate bond ဖြစ်နိုင်ပါတယ်။

နောက် Chapter 2 မှ Gas law ဖြစ်တဲ့ Boyle's law, Charle's law, Dalton's law, Graham's law, Avogadro's theory , Gay-lussac's law အားလုံးကို ကျေကျေညက်ညက် ကျက်ရပါမယ်။ တချို့ Law တွေမှာ Mathematical expression လို့မေးရင် Mathematical expression ပဲဖြေဖို့ လိုပါတယ်။

Example အနေနဲ့ Charles' law ကို Mathematical expression နဲ့ ဖြေပါဆိုရင် $V \propto T$ (P and mass kept constant) , V= volume, T = Kelvin temperature (absolute temperature), P = pressure, m = mass ဆိုပြီးတော့ ပြန်ရှင်းဖို့လိုပါတယ်။ ပုစ္ဆာတွေကိုလည်း ကျေကျေညက်ညက် တွက်ထားဖို့လိုပါတယ်။

Chapter 1 နဲ့ 2 ဟာ Section A Objective type questions တွေမှာရော Section B မှာရော မေးတာတွေ့ရပါတယ်။ (နံပါတ် ၆) ၂ မှတ်တန်မှာ မေးသလို (နံပါတ် ၇) ၄ မှတ်တန် မှာလည်း မေးထားတာကိုတွေ့ရပါတယ်။ Chapter-1 နဲ့ Chapter -2 ကို (၉)မှတ်စီခန့် မေးတတ်ပါတယ်။

Chapter 3 အနေနဲ့ကတော့ Stoichiometry ဖြစ်တဲ့အတွက် တွက်ရမယ့် ပုစ္ဆာတွေ ပါလာပါတယ်။ Titration အခန်းဖြစ်တဲ့အတွက် ၈ မှတ်တန် အပုဒ်ကြီးလည်း မေးတာမို့ ပုစ္ဆာတွေကို ကျေကျေညက်ညက် တွက်ထားဖို့လိုပါတယ်။ ဒါတွေတွက်တတ်ဖို့အတွက် Formula Mass, Molecular Mass, mole, millimole တွေကို သိဖို့လိုပါတယ်။

Mole concept ကိုလည်း သဘောပေါက်ရပါမယ်။

Molarity, Molar solution, dilution တွေလည်း သိရပါမယ်။

Titration နဲ့ Standardization ကိုနားလည်ရင် Stoichiometric problems တွေ တွက်လို့ရပါပြီ။

ပြဋ္ဌာန်းစာအုပ်ထဲက example တစ်ပုဒ်ကိုရှင်းပြပါမယ်။ 23.5 cm^3 of 0.5 M HCl နဲ့ 25 cm^3 of Na_2CO_3 တို့ဓာတ်ပြယ်တယ်။ Na_2CO_3 ရဲ့ Molarity ကိုရှာပါ။ Molarity ကို g dm^{-3} ကိုပြောင်းပေးပါ ဆိုတဲ့ပုစ္ဆာကို လေ့လာကြရအောင်ပါ။ ပထမဦးဆုံး HCl ရဲ့ Molarity (mmol cm^{-3}) သိတယ်။ ထုထည် cm^3 သိတယ်ဆိုတော့ mmol cm^{-3} နဲ့ cm^3 မြှောက်ရင် mmol of HCl ရပါမယ်။ Balanced equation အရ Na_2CO_3 နဲ့ HCl ရဲ့ Stoichiometry က 1:2 ဖြစ်လို့ Na_2CO_3 1 mmol အတွက်ဆိုရင် HCl 2 mmol လိုပါတယ်။ အဲဒီဆက်သွယ်ချက် ကနေ HCl နဲ့ဓာတ်ပြယ်သွားတဲ့ Na_2CO_3 ရဲ့ mmol ကိုရရှိပါမယ်။ Na_2CO_3 ရဲ့ mmol ရပြီဆိုရင် ပေးထားချက်မှာ Na_2CO_3 ရဲ့ထုထည် 25cm^3 ကိုသိပြီးဖြစ်လို့ mmol ကို cm^3 စားရင် Molarity of Na_2CO_3 (mmol cm^{-3}) ကိုရပါမယ်။ နောက် တတိယမေးခွန်းဖြစ်တဲ့ concentration in g dm^{-3} ရှာဖို့က Molar Mass ရှာဖို့လိုပါတယ်။ Na_2CO_3 ရဲ့ Molar Mass က 106 g mol^{-1} ဖြစ်တဲ့အတွက် Concentration in g dm^{-3} of Na_2CO_3 ကိုလိုချင်ရင် Molarity (mol dm^{-3}) နဲ့ Molar Mass (g mol^{-1}) နဲ့မြှောက်လိုက်ရင် g dm^{-3} ကိုရပါပြီ။ အရေးကြီးတာကတော့ Molarity ဆိုတာ mmol cm^{-3} လို့ယူဆနိုင်သလို mol dm^{-3} ဖြစ်တယ်ဆိုတဲ့ concept ကို နားလည်ဖို့ပဲဖြစ်ပါတယ်။

နောက်ထပ် တွက်ပုံတွက်နည်းတစ်ခုကတော့ Formula သုံးပြီးတွက်တာ ဖြစ်ပါတယ်။ သို့သော် Formula သုံးပေမယ့် မှန်ကန်သော Balanced equation ကိုရေးရပါမယ်။ အဲဒီမှာ ပုံသေနည်းမှာပါတဲ့ x, M_B, V_B, y, M_A, V_A အဲဒီအချက်တွေကို တစ်ခုချင်း ဖော်ပြရပါမယ်။ ပြီးရင် $xM_BV_B = yM_AV_A$ Equation ရေးပြီးတော့ အစားသွင်းတွက်ချက်ရပါမယ်။ တွက်ချက်လိုက်ရင် Molarity of Na_2CO_3 ကိုရပါမယ်။ ရရင် ပထမနည်းအတိုင်း Molarity ကို g dm^{-3} ရအောင် ဆက်တွက်ဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်နည်းနဲ့တွက်တွက် မှန်ပါတယ်။ တွက်တဲ့နေရာမှာ ပေးထားချက်တွေကို မှန်ကန်စွာရေးပြီးတော့ အဆင့်မကျော်ဘဲ တွက်ဖို့ပဲလိုပါတယ်။ ဘယ်လိုပဲတွက်တွက် အဆင့်မကျော်ရင်တော့ မှန်ကန်တဲ့ တွက်နည်းဖြစ်ရင် အမှတ်ပြည့်ရမှာဖြစ်ပါတယ်။ Chapter - 3 က ၁၁ မှတ်ဖိုး မေးလေ့ရှိပါတယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှအဆက်

နောက် Chapter (4) Electrolysis အခန်းကို ဆက်ပြီးရှင်းပါမယ်။ Section A မှာ မေးသလို Section B မှာလည်းမေးပါတယ်။ Section B မှာဆိုရင် ၄ မှတ်တန် မေးခွန်းမှာ မေးလေ့ရှိပါတယ်။ Chapter-4 တစ်ခုလုံးအနေနဲ့ ၉ မှတ်ဖိုး မေးလေ့ရှိပါတယ်။

Cell နှစ်မျိုးရှိပါတယ်။ တစ်ခုကတော့ Electrolysis ပြုလုပ်ရာမှာအသုံးပြုတဲ့ Electrolytic Cell ဖြစ်ပါတယ်။ Battery ရဲ့ (-) နဲ့ ဆက်ထားတဲ့ Electrode ကို Cathode, (+) နဲ့ဆက်ထားတဲ့ Electrode ကို Anode လို့သတ်မှတ်ပါတယ်။ လျှပ်စစ်ဓာတ် ဖြတ်သန်းစဉ်မှာ Electrolyte ထဲမှာရှိတဲ့ Cation လို့ခေါ်တဲ့ (Positively Charged Ion) တွေဟာ Cathode ဆီကိုရွေ့လျားပြီး ဓာတ်ပြယ်ခြင်း (Reduction) ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ Anion (Negatively Charged Ion) တွေကတော့ Anode မှာ ဓာတ်ပြယ်ပြီး (Oxidation) ဖြစ်ပါတယ်။ ယခု Electrolytic Cell မှာ Battery ကနေ Electrical Energy-Chemical Energy - Chemical Reaction အဆင့်ဆင့် ဖြစ်ပေါ်စေပါတယ်။ နောက် Cell တစ်ခုကတော့ Electrolytic Cell နဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ Chemical Cell ဖြစ်ပါတယ်။ Chemical Cell ကတော့ Chemical Energy ကနေ Electrical Energy ကို ပြောင်းပေးတာ ဖြစ်ပါတယ်။

Electrolysis နဲ့ ပတ်သက်လို့ Electrolyte အမျိုးမျိုးအတွက် Electrode အမျိုးအစားပေါ် အခြေခံပြီး Cathode Product, Anode Product, Reaction at Cathode, Reaction at Anode တို့ကိုစုစည်းပြီး ကျက်မှတ်ကြရပါမယ်။ Cation နဲ့ Anion များ၏ Electrode များတွင် ဦးစားပေး discharge ဖြစ်ခြင်းကို ဆုံးဖြတ်ရာတွင် Selective discharge of ion မှ အချက်(၃)ချက်ကို အခြေခံပြီး ဆုံးဖြတ်ကြရပါမယ်။

ဒီအခန်းမှာနောက်တစ်ချက်က လျှပ်စစ်သုံးဖြိုခွဲရာမှာ အရေးကြီးတဲ့ Faraday ရဲ့ နိယာမနှစ်ခုကို အမှားအယွင်းမရှိအောင် ကျက်မှတ်ထားရပါမယ်။ First law မှာသုံးတဲ့ Q = It equation ကိုလည်း ကျက်ရမယ်။ နောက် Second Law အရ တူညီသောလျှပ်စစ်ပမာဏကိုသုံးလျှင် Cation မှာ သယ်ဆောင်ထားတဲ့ Charge များလေလေ၊ Cathode မှာကပ်တင်မယ့် mol အရေအတွက် နည်းလာလေလေ ဆိုတာသိရပါမယ်။

Electrolysis နဲ့ ပတ်သက်လို့ အဓိကအသုံးဝင်မှု (၂)မျိုးဖြစ်တဲ့ Purification of Crude Metals နဲ့ Electroplating တို့ကိုလည်း သေချာစွာ လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

Chapter (5) က Oxidation-reduction အခန်းဖြစ်တယ်။ Oxidation-reduction နဲ့ ပတ်သက်တဲ့ Definition တွေ၊ အထူးသဖြင့် ခေတ်မီနည်း electronic point of view, electron ရွေ့ပြောင်းနည်းအရ oxidation နဲ့reduction အဓိပ္ပာယ်သတ်မှတ်ပုံတွေ၊ oxidizing agent, reducing agent တွေရဲ့ အဓိပ္ပာယ်သတ်မှတ်ပုံတွေ၊ example တွေကို ကောင်းစွာရထားဖို့လိုပါတယ်။

Oxidizing agent နဲ့ reducing agent မှာ ဘယ် agent ကနေ electron တွေပြောင်းရွေ့သွားတယ်ဆိုတာ ကျေကျေညက်ညက်သိရှိထားဖို့ လိုပါတယ်။ oxidation-reduction reaction တွေရဲ့ equation ညှိပုံတွေကိုလည်း ပိုင်ပိုင်နိုင်နိုင် သိရှိထားဖို့လိုပါတယ်။ oxidation number ရှာတဲ့ပုစ္ဆာတွေနဲ့ balancing equation ပုစ္ဆာတွေကို သေသေချာချာတွက်ချက်လေ့ကျင့်ရပါမယ်။

Chapter (5) ရဲ့ အမှတ်ခွဲဝေမှုအရ (၉)မှတ်ခန့်ဖြစ်တာကို တွေ့ရှိရပါတယ်။ အခု ပြောကြားတဲ့အထိ Chapter (1) ကနေ Chapter (5) အထိဆိုရင် Section A မှာ မေးထားသလို Section B မှာလည်းမေးထားတာကို တွေ့ရှိရပါမယ်။ Chapter 3 မှလွဲပြီး ကျန်တဲ့ Chapter တွေကို (၄)မှတ်တန် မေးထားပါတယ်။ Chapter 3 ကတော့ (၈) မှတ်တန် တစ်ပုဒ်အနေနဲ့ မေးထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

Chapter (6) ကတော့ Rate of Reaction and Equilibrium ဖြစ်ပါတယ်။ Rate of Reaction ရဲ့ Definition ကိုလည်း သိထားဖို့လိုပါတယ်။

Rate of Reaction ကို Influence ဖြစ်နေတဲ့ concentration, pressure, temperature, catalyst, radiation, and surface area တွေကို အသေးစိတ်သိထားဖို့ လိုပါတယ်။

Effect of Temperature မှာ Activation energy, Activated complex အကြောင်းကိုလည်း သိရှိထားဖို့ Definition တွေကိုလည်း ရထားဖို့လိုပါတယ်။ Catalyst နဲ့ပတ်သက် ပြီးတော့ positive catalyst, negative catalyst တို့ရဲ့ definition တွေကိုလည်း ရထားဖို့လိုပါတယ်။ enzyme တွေကို Biocatalyst လို့ခေါ်တဲ့အကြောင်းနဲ့ enzyme နဲ့ပတ်သက်ပြီး Equation တစ်ကြောင်း ရေးပါဆိုရင် ရေးတတ်ရပါမယ်။ နှစ်ဟောင်းမေးခွန်းများကို လေ့လာကြည့်တဲ့အခါ ဒီအခန်းက (၇)မှတ်ဖိုးခန့် မေးလေ့ရှိတာကို တွေ့ရပါမယ်။

ဒီအခန်းရဲ့ နောက်ဆုံးမှာ Equilibrium ကို လွှမ်းမိုးနေတဲ့ factors (၃)ခုဖြစ်တဲ့ Pressure, temperature, concentration တွေကိုလည်း သိရှိရပါမယ်။ ဒီ equilibrium ရဲ့အဓိက principle တစ်ခုဖြစ်တဲ့ Le Chatelier's Principle ကိုလည်း ကျေညက်စွာ နားလည်ပြီး မှတ်သားထားရပါမယ်။ pressure , temperature , concentration effect များ၏ equilibrium ပေါ်သက်ရောက်မှုကို ကောင်းမွန်စွာ တိတိတုတ်တုတ်နဲ့ ရှင်းပြတတ်ဖို့လိုပါတယ်။

Chapter (7) ကတော့ ကျောင်းသားကျောင်းသူအများစု ဖြေဆိုတဲ့ Chapter တစ်ခု ဖြစ်ပါတယ်။ ဒီ Chapter မှာ definition တွေရှိသလို Hess's Law အရ equation တွေ ရေးပြီးတွက်ရတဲ့ ပုစ္ဆာလည်း ရှိပါတယ်။ မေးခွန်းဟောင်းတွေအရ (၁၁)မှတ်ဖိုး မေးလေ့ရှိတာကို တွေ့ရပါမယ်။

ဥပမာ-Heat of combustion ကို example နဲ့ ရေးပြပါဆိုရင် ကျောင်းသားကျောင်းသူအများစုဟာ definition ကို လွယ်ကူစွာရေးတတ်ပေမယ့် example ကို မှန်ကန်စွာ ရေးတတ်လေ့မရှိပါဘူး။

$C_{(graphite)} + O_{2(g)} \rightarrow CO_{2(g)}$ ဘေးနားမှာ Enthalpy Change ကို ရေးပြရပါမယ်။ တန်ဖိုးမသိရင် $\Delta H = -Q$ kJ/mol လို့ရေးပေးရမှာ ဖြစ်ပါတယ်။ equation မှာလည်း physical state တွေပါရပါမယ်။ ΔH တွေ၊ physical state တွေပါမှသာလျှင် thermochemical equation ရဲ့ အင်္ဂါရပ်နဲ့ ညီညွတ်ပါမယ်။ C ရဲ့ physical state ကို ရေးရင် solid လို့ မသုံးရပါဘူး။ graphite ကိုပဲသုံးရပါမယ်။ ဆက်လက်ပြီးတော့ exothermic, endothermic တို့ရဲ့ definition တွေကို example နဲ့ရထားဖို့လိုပါတယ်။ one calorie ရဲ့ definition ကိုလည်း ကျက်ထားရပါမယ်။

ဒီ Chapter မှာ ပုစ္ဆာတွေတွက်ဖို့ အတွက်ကတော့ Hess 's law ရဲ့ definition ကို အရင်သိရမယ်။ Thermochemical equation ရေးတတ်ရမယ်။ equation ကို 2,3 စတဲ့ ကိန်းဂဏန်းတွေနဲ့မြှောက်ရင် ΔH တန်ဖိုးပါ မြှောက်လိုက်တဲ့အတွက် equation ဟာ one mole အတွက် မဟုတ်တော့လို့ kJ/mol မရေးရတော့ဘူး။ ဒါတွေကိုသိထားရမယ်။

တွက်နည်း(၄)နည်းခန့်ရှိပါတယ်။ equation သုံးကြောင်းကို တစ်ပြိုင်နက်ရှင်းတဲ့နည်း၊ နှစ်ကြောင်းကို ပေါင်းပြီး တစ်ကြောင်းကို နုတ်တဲ့နည်း၊ နှစ်ကြောင်းကို ပေါင်းပြီး ကျန်တစ်ကြောင်းရဲ့ reverse equation နဲ့ပေါင်းတဲ့နည်းတို့ ဖြစ်ပါတယ်။ equation ကို reverse လုပ်ရင် ΔH ရဲ့ sign ကိုပြောင်းပေးဖို့ မမေ့ပါနဲ့။ Unit ကလည်း kJ ပဲဖြစ်ရပါမယ်။ ဒီလိုသေသေချာချာတွက်မယ်ဆိုရင် အမှတ်ပြည့်ကွက်တိရမယ့် ပုစ္ဆာဖြစ်ပါတယ်။ နောက်ဆုံးတစ်နည်းကတော့ ΔH ပုံသေနည်းနဲ့ တွက်လို့ရပါတယ်။ ကြိုက်တဲ့နည်းနဲ့ တွက်နိုင်ပါတယ်။

Chapter (8) Some Important Metals and their Compounds အခန်းက Gp-I, II, III, IV metals တွေအကြောင်းနဲ့ Chapter (9) Metal Reactivity က Transition Metals တွေ အကြောင်း ဆွေးနွေးပါမယ်။ ဒီနှစ်ခန်းပေါင်းပြီး စုစုပေါင်း (၁၈)မှတ်ခန့် မေးပါတယ်။

Objective အနေနဲ့ (၂)မှတ်ဖိုး မေးတတ်သလို၊ Short question အနေနဲ့ (၂)မှတ်ဖိုး၊ Medium question အနေနဲ့ (၄)မှတ်ဖိုး၊ Long question အနေနဲ့ အပုဒ်ကြီးတစ်ပုဒ် (၈)မှတ်ဖိုး မေးလေ့ရှိပါတယ်။ Metal တစ်ခုစီကို ဘယ်သတ္တုရိုင်းကနေ ထုတ်နိုင်တယ်။ Metal တစ်ခုစီရဲ့ အသုံးဝင်ပုံ၊ အဲဒီ Metal ကနေ တစ်ဆင့်ရရှိနိုင်သည့် အသုံးဝင်သော Compound များ၏ထုတ်ဖော်ပုံ၊ အသုံးဝင်ပုံ တို့ကို ကွဲကွဲပြားပြား သိထားကြရမှာ ဖြစ်ပါတယ်။ Reactivity Series of Metals ကို အခြေခံ၍ Metal ထုတ်ဖော်ပုံ၊ Rusting of Iron and Rust Prevention, Corrosion, Steel အမျိုးမျိုးနဲ့ အသုံးဝင်ပုံ၊ Alloy အမျိုးမျိုးနဲ့ အသုံးဝင်ပုံတို့ကို လေ့လာထားဖို့လိုပါတယ်။

ဆက်လက်ပြီးတော့ Chapter (10), (11), (12) အခန်းသုံးခန်းပေါင်းပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီအခန်းသုံးခန်းရဲ့ အမှတ်ခွဲဝေပုံကတော့ (၂၆)မှတ်ခန့် ဖြစ်ပါတယ်။ အားလုံးထဲမှာ အမှတ်အများဆုံး မေးတဲ့ အခန်းများဖြစ်ပါတယ်။ Non-metals နဲ့ သူတို့ရဲ့ Compound တွေအကြောင်း လေ့လာတာဖြစ်ပါတယ်။ Chapter (10) က Nitrogen and its Compounds, Chapter (11) က Sulphur and its Compounds, Chapter (12) က Halogens အကြောင်း ဖြစ်ပါတယ်။

ဒီ Non-metals တွေရဲ့ဓာတ်ခွဲခန်းထုတ်ဖော်ပုံ (Laboratory-Preparation) ကို ကောင်းမွန် စွာ သဘောပေါက်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။ ထုတ်ဖော်ပုံများကို မှန်ကန်အောင်ဆွဲတတ်ပြီး Equation ကို Word နဲ့ Symbol နှစ်ခုစလုံး သေသေချာချာရေးရပါမယ်။ လိုအပ်ချက်တွေကို အကြောင်းအရာအလိုက် အချက်နဲ့ဖြေဆိုတတ်ရင် ပိုကောင်းပါတယ်။ ဒီအခန်းမှာပါတဲ့ Manufacturing processes တွေကိုလည်း ကောင်းမွန်စွာ လေ့ကျင့်ထားဖို့လိုပါတယ်။

NH_3 ထုတ်တဲ့ Haber process, H_2SO_4 ရဲ့ Contact process, HNO_3 ရဲ့ Ammonia-oxidation method နဲ့ Cl_2 ကို Brine solution မှ Electrolysis နည်းဖြင့် အမြောက်အမြားထုတ်ခြင်းတို့ ဖြစ်ပါတယ်။ Cl_2 အမြောက်အမြား ထုတ်ဖော်ပုံဟာ NaOH (Caustic soda) အမြောက်အမြား ထုတ်ဖော်ပုံနဲ့ အတူတူပဲ ဖြစ်ပါတယ်။

နောက် Chapter (13) Acid, Base and their Neutralization အခန်းကတော့ အမှတ်ခွဲဝေမှုအရ (၁၁)မှတ်ခန့် ရှိတာကို တွေ့ရပါတယ်။ Section (A) မှာလည်းမေးသလို Section (B)အပိုင်း (၈)မှတ်တန်မှာလည်း အမြဲမေးတဲ့အခန်းမို့ ကျောင်းသားကျောင်းသူများ ကောင်းကောင်းလေ့ကျင့်၊ ကောင်းကောင်းရေးပြီး၊ ပုစ္ဆာတွေ ကောင်းကောင်းတွက်တတ်အောင် လုပ်ထားဖို့လိုပါတယ်။

ဥပမာအားဖြင့် Concentrated acid, Dilute acid, Weak acid, Strong acid, acidity, Basicity အဲဒီ Definition တွေကိုကျက်ကြရပါမယ်။ ဒါကြောင့် ထောင့်စေ့အောင်လေ့လာထားဖို့ လိုပါတယ်။ စံပုစ္ဆာ (examples)တွေကို ကောင်းမွန်စွာ တွက်တတ်ရပါမယ်။

pH ရဲ့ Definition ကို စာသားရော၊ သင်္ချာနည်းပါရေးတတ်ဖို့ လိုပါတယ်။ pH ကို Hydrogen ion exponent လို့ ခေါ်ကြောင်း မမေ့ဖို့လိုပါတယ်။

Buffer နဲ့ပတ်သက်တဲ့ ပုစ္ဆာတွေကိုလည်း လေ့ကျင့်ထားကြရပါမယ်။

နောက် Chapter (14) အနေနဲ့ကတော့ Organic Chemistry ဖြစ်ပါတယ်။ ဒီ Organic Chemistry ကလည်း (၁၇)မှတ်ဖိုးခန့် မေးတာကိုတွေ့ရှိရပါတယ်။ Section (A) မှာမေးသလို Section (B) ရဲ့ (၈)မှတ်တန်မှာ (၂)ပုဒ်ခန့် မေးလေ့ရှိပါတယ်။ ဒီအခန်းက Equation တွေကို ရေးမချဘဲ ကျက်နေရင်တော့ အဖြေမှန်၊ အမှတ်ပြည့်ရမှာ မဟုတ်ပါဘူး။ သေသေချာချာ ရေးမှတ်၊ကျက်မှသာ ဒီအခန်းက ပိုင်ပိုင်နိုင်နိုင်ရရှိမှာဖြစ်လို့ ကဏ္ဍအလိုက်ခွဲခြားပြီး စနစ်တကျ လေ့ကျင့်ထားဖို့လိုပါတယ်။ မေးခွန်းဟောင်းပုံစံတွေကိုလည်း လေ့လာကြရပါမယ်။

Organic Chemistry အနေနဲ့သိဖို့က ဒီ Chapter မှာ Main Compound (၄)ခုရှိတယ်။ Alkane, Alkene, Alkyne, Alcohol သူတို့တွေရဲ့ General Formula တွေကိုအလွတ်ကျက်ရမယ်။ မကျက်လို့ မရဘူး။ Alkane ဆိုတာ Single Bond, Saturated hydrocarbon လို့ခေါ်ပါတယ်။ Alkene ဆိုရင် Double Bond, Unsaturated Hydrocarbon လို့ခေါ်ပါတယ်။ Alkyne ဆိုရင် Triple Bond, Unsaturated Hydrocarbon လို့ခေါ်ပါတယ်။ Alcohol မှာတော့ ဓာတ်ပြုအုပ်စု Functional Group -OH အုပ်စုပါ ပါတယ်။ ဒါတွေကိုလည်း သိရမယ်။

ဒီအခန်းမှာ ထုတ်ဖော်ပုံဆိုင်ရာနှင့် ဂုဏ်သတ္တိဆိုင်ရာ ဓာတ်ပြုခြင်းများ၊ အော်ဂဲနစ်ဒြပ်ပေါင်းများရဲ့ Graphic formula, Electron dot-cross formula၊ အမည်ပေးစနစ် (Nomenclature) တို့ကိုပါ အသေးစိတ်လေ့လာရပါမယ်။

ခြုံငုံပြီးပြောရရင်တော့ Organic Compounds တွေကို လေ့လာတဲ့အခါ ၎င်းတို့ရဲ့ (၁) မော်လီကျူးဖော်မြူလာ (Molecular Formula)၊ (၂) မော်လီကျူး တည်ဆောက်ပုံ (Molecular Structure)၊ (၃) အမည်ပေးစနစ် (Nomenclature)၊ (၄) ထုတ်ဖော်ပုံ (Preparation) (၅) ဂုဏ်သတ္တိများ (Properties) (၆) အမည်ရှိဓာတ်ပြုခြင်း (Naming Reaction)၊ (၇) ခွဲခြားနည်း (Distinguishing) တို့ကို လေ့လာသွားရမှာ ဖြစ်တယ်။

ဒါ့အပြင် ဆေးဝါးနဲ့စက်မှုလုပ်ငန်းမှာအသုံးဝင်တဲ့ Ethanol ရဲ့ ထုတ်ဖော်ပုံအမျိုးမျိုးနဲ့ ဓာတ်ပြုညီမျှခြင်းများကို ကျက်မှတ်ရပါမယ်။ ဒီအခန်းမှာ Ethanol ရဲ့ Manufacturing processes နှစ်ခုရှိပါတယ်။ Petroleum refining process မှ Ethanol အမြောက်အမြား ထုတ်လုပ်တာနဲ့ Fermentation နည်းနဲ့ Ethanol အမြောက်အမြား ထုတ်လုပ်တာဖြစ်ပါတယ်။ ၎င်းတို့ကို သေသေချာချာ Equation တွေနဲ့ ရေးတတ်၊ ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။ ဒီအခန်းမှာ Petroleum Industry and Petrochemicals, Alternative Transport Fuels (Biodiesel, LPG , CNG and Biogas) အစရှိသော အကြောင်းအရာသစ်များကိုလည်း ကျက်မှတ်လေ့လာရပါမယ်။

Naming reaction တွေကိုလည်း ကျက်မှတ်ရပါမယ်။ example အနေနဲ့ Halogenation, Dehydration, Hydroxylation စသည်တို့ဖြစ်ပါတယ်။ Markownikoff’s rule ကိုလည်း လေ့ကျင့်ထားရပါမယ်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

စာမျက်နှာ ၁၆ မှအဆက်

နောက်ဆုံးအခန်းဖြစ်တဲ့ Chapter (15) Chemistry in Society အခန်းကတော့ (၇)မှတ်ဖိုးခန့် မေးတာဖြစ်ပါတယ်။ Section (A) မှာလည်း မေးသလို Section (B) ရဲ့ (၂)မှတ်တန် မေးခွန်းမှာလည်း မေးလေ့ရှိပါတယ်။ တစ်ခါတစ်ရံမှာ (၄)မှတ်တန် မေးခွန်းမှာလည်း မေးပါတယ်။

ဥပမာ Fertilizer ဆိုတာ ဘာလဲဆိုတာ စသိရမယ်။ အရေးကြီးတဲ့ ယခုခေတ်ပေါ်မြေဩဇာ တစ်ခုကတော့ NPK ဖြစ်ပါတယ်။ Nitrogen (N), Phosphorus (P) နဲ့ Potassium (K) တို့က အပင်ရဲ့ ဘယ်အစိတ်အပိုင်းတွေကို အသီးသီး အထောက်အပံ့ဖြစ်တယ်ဆိုတာ သေချာစွာကျက်မှတ်ထားဖို့ လိုပါတယ်။

Cement ရဲ့ Composition တွေဟာ ဘာတွေလဲ။ Raw material ဆိုတာ ဘာတွေလဲ၊ သိရှိထားဖို့လိုပါတယ်။ ဒီအခန်းမှာပါတဲ့ Photosynthesis equation ဟာလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။ နောက်ထပ် Salt production, Polymer နဲ့ Soap, Detergent တို့ရဲ့ထုတ်ဖော်ပုံ၊ Equation, Formula တွေဟာ လက်တွေ့ဘဝမှာလည်း အသုံးဝင်လှတာမို့ မခြွင်းမချန် လေ့လာသင့်ပါတယ်။

အထူးသဖြင့်မှာကြားလိုတာကတော့ Objective type မေးခွန်းများ ဖြေဆိုတဲ့နည်းပဲဖြစ်ပါတယ်။ သတိထားရမယ့်အချက်တွေကတော့ -

မေးခွန်း နံပါတ်(၁) TRUE or FALSE ဖြေဆိုတဲ့အခါမှာ TRUE သို့မဟုတ်၊ FALSE ကြိုက်ရာတစ်မျိုးကို အပြည့်အစုံရေးရပါမယ်။ T သို့မဟုတ် F အတိုကောက် မရေးရပါဘူး။

မေးခွန်းနံပါတ်(၂) Fill in the blanks ဖြေဆိုတဲ့အခါမှာ စာတွေပြန်ရေးစရာမလိုဘဲ ကွက်လပ်တွင်ဖြည့်မယ့် အကြောင်းအရာသာ ရေးပေးဖို့လိုပါတယ်။

မေးခွန်းနံပါတ်(၃) Multiple Choice ဖြေတဲ့နေရာမှာ အမှန်ကို ရွေးချယ်ရပါမယ်။

မေးခွန်းနံပါတ်(၄) Matching ဖြေဆိုတဲ့အခါမှာ List A တွင်ရှိသော (a), (b), (c) စသည်တို့ကို List B တွင်ရှိသော (i), (ii), (iii) စသည့် အတူညီဆုံး အကြောင်းအရာနှင့် ပူးတွဲစီရီရာတွင် သက်ဆိုင်ရာ စာသားများကိုပါ ထည့်သွင်းဖြေဆိုပေးရပါမယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ တပည့်တို့အနေနဲ့လာမယ့် ၂၀၁၀ ခုနှစ် စာမေးပွဲကို ကောင်းမွန်ထူးချွန်စွာဖြေဆိုနိုင်ဖို့အတွက် ဆရာ ဆရာမများရဲ့ သင်ကြားပြသမှုကိုလည်း သဘောပေါက်ပြီး ကျက်မှတ်ထားရပါမယ်။ မေးခွန်းဟောင်းများကိုလည်း အဖန်တလဲလဲ လေ့ကျင့်ထားဖို့လိုပါတယ်။ Chapter တိုင်းရဲ့ နောက်ဆုံးအပိုင်းမှာရှိတဲ့ Questions and Problems များကိုလည်း ကျေညက်စွာလေ့လာရပါမယ်။ ဆရာ ဆရာမများရဲ့ သင်ကြားပြသမှု၊ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှု၊ လေ့ကျင့်မှုတို့အားလုံးပေါင်းလိုက်မယ်ဆိုရင် တပည့်တို့အနေနဲ့ မေးခွန်းတိုင်းကို ကောင်းမွန်စွာဖြေဆိုနိုင်ပြီး ဂုဏ်ထူးများဝေဆာစွာနဲ့ အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းနိုင်မှာဖြစ်ကြောင်း ပြောကြားရင်း ဒီမှာပဲ ရပ်နားလိုက်ပါတယ်။ ။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း လက်အောက်ရှိ ပဲငံပြာရည်နှင့် ရှလကာရည်စက်ရုံ/ဝင်းသူဇာ စားသောက်ကုန်လုပ်ငန်း စက်ရုံခွဲ(လှိုင်)တို့ရှိ ကုန်ထုတ်လုပ်မှု သုံးစက်ပစ္စည်းများ(ပိုက်လိုင်းများအပါအဝင်)ကို မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ ရောင်းချမည့်ပစ္စည်းများ၊ စက်ပစ္စည်းများ ဝယ်ယူခွင့်နှင့် ဖြုတ်သိမ်းသယ်ယူရေးနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၅-၂-၂၀၁၀ရက်၊ ၁၆း၀၀နာရီ

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့စားသောက်ကုန်လုပ်ငန်း(စီမံကိန်းဌာန)
ရုံးအမှတ်(၃၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၄၀။



ကောင်းဆုဝေ

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ရေးသားသည့် လက်ဆောင်(၈) ချမ်းသာလေ ကောင်းလေပဲ ပေါ့(၁)။

ချမ်းသာကြွယ်ဝမှုကို ဗုဒ္ဓဘာသာရှုထောင့်က ခွဲခြမ်းစိတ်ဖြာဝေဖန်ခြင်းစာအုပ်ကို တစ်ပြည်လုံးဖြန့်ချိလိုက်ပြီ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းတရားရုံးတော်၌ ၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၁၁၂၀

ဒေါ်စုစုဝေ	နှင့်	၁။ ဦးကူးမားရ်
		၂။ ဦးလှအောင်
တရားလို		**တရားပြိုင်များ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းဈေးလမ်း၊ အမှတ်၇၁(အေ)နေ ဦးကူးမားရ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်-၁၀၁၂/၂၀၀၇အမှုတွင်ချမှတ်သော ၂၆-၁၂-၂၀၀၇ရက်စွဲပါစီရင်ချက်နှင့် ဒီကရီသည် တရားပြိုင်များမှ လိမ်လည်ပူးပေါင်းရယူထားသောစီရင်ချက်နှင့်ဒီကရီဖြစ်၍ တရားလို အပေါ်တွင် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်က ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ၁၀ရက်(၁၃၇၁ခုနှစ် တပို့တွဲလပြည့်ကျော်၁၂ရက်) မွန်းမတည့်မီ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူတရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့် ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် ဇန်နဝါရီ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

လေးလေးမွန် တွဲဖက်တိုင်းတရားသူကြီး(၁၀)၊ ရန်ကုန်တိုင်းတရားရုံး။

ကန့်ကွက်နိုင်ကြောင်း အမှားပြင်ဆင်ချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်၁၂၃/ကဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၁၁/E၊ မြေကွက်အမှတ် (V ၈၅)၊ အကျယ်အဝန်း ၀ဒသမ၀၁၅၈ကေရှိ နှစ်(၉၀)ဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် ဆက်နွှယ်အကျိုးခံစားခွင့် အရပ်ရပ်ကို ဝယ်ယူသဖြင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာကို ၁၇-၁-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ၁၈တွင်ကြော်ငြာခဲ့ရာ၌ အိမ်အမှတ် ၁၂၃ဟု မှားယွင်းစွာကြော်ငြာခဲ့ပါသည်။အိမ်အမှတ် အမှန်မှာ ၁၂၃/ကဖြစ်ပါကြောင်း အများသိစေရန်ပြင်ဆင်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိမိလှိုင် LL.B တရားရုံးချုပ်ရှေ့နေ (စဉ်-၅၃၅၄)
တိုက် ၉/၁၁၊ အခန်း(၃-အေ) (မြေညီထပ်) ၃၆လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန် (၃၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်၏ (၃၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃-၃-၂၀၁၀ရက်(စနေနေ့) နံနက် ၉နာရီတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၁၂-၃-၂၀၁၀ရက်(သောကြာနေ့) နံနက် ၉နာရီတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါ ကျောင်းသား၊ ကျောင်းသူများ ဘွဲ့နှင်းသဘင်ကို တက်ရောက်ရန် လျှောက်ထားကြရမည်။

၁။ ၂၀၀၉ခုနှစ် မတ်လအတွင်းကျင်းပခဲ့သော သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူ (မေးရိုးနှင့်ခံတွင်းဆေးပညာ) (၁၂/၀၅)သင်တန်းစာမေးပွဲ အောင်မြင်သူ။

၂။ ၂၀၀၉ခုနှစ် ဧပြီလနှင့် အောက်တိုဘာလများအတွင်း ကျင်းပခဲ့သော သွားဘက်ဆိုင်ရာဆေးပညာ မဟာသိပ္ပံ(၅/၀၇)သင်တန်း၊ စာမေးပွဲ အောင်မြင်သူများ။

၃။ (က) ၂၀၀၈ခုနှစ် အောက်တိုဘာလအတွင်းကျင်းပခဲ့သော နောက်ဆုံးနှစ် ဘီဒီအက်စ်(၁/၀၇)နောက်ဆက်တွဲစာမေးပွဲ။

(ခ) ၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပခဲ့သော နောက်ဆုံးနှစ် ဘီဒီအက်စ် (၁/၀၈)သင်တန်း၊ စာမေးပွဲနှင့် ၂၀၀၉ခုနှစ် မေလ၊ ဇွန်လနှင့် အောက်တိုဘာလများအတွင်း ကျင်းပခဲ့သော နောက်ဆက်တွဲ စာမေးပွဲများကို အောင်မြင်ပြီး၍ အလုပ်သင်ဆရာဝန်အဖြစ် (၆)လပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာတာဝန်ထမ်းဆောင်ပြီးသူများ။

၄။ **ဘွဲ့နှင်းသဘင်ကြေး** - ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာ)
အဝေးရောက်ကြေး - ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာပိတ်ရက် - ၁၉-၂-၂၀၁၀ရက်(သောကြာနေ့)

၅။ သတ်မှတ်ထားသောလျှောက်လွှာကို ဘွဲ့လွန်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော (၁½" × ၂")အရွယ် ဓာတ်ပုံနှစ်ပုံနှင့်အတူ လျှောက်ထားရမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်ရုံများ ငှားရမ်းခွင့်ထောက်ခံစာကို ၁-၃-၂၀၁၀ရက်မှစ၍ ဤတက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ထုတ်ပေးမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ် မော်ကွန်းထိန်း၊ ဘွဲ့လွန်ဌာနစိတ် ဖုန်း-၅၇၁၂၇၁၊ ၅၇၁၂၇၃၊ ၅၆၄၆၃၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကျော်လှ
မော်ကွန်းထိန်း
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်မြို့။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မိတ္ထီလာခရိုင်တရားရုံး

၂၀၀၉ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉၇

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။	**နှင့်**	၁။ ဒေါ်မမလေး(သား) ၂။ ဦးအောင်သန်း
တရားနိုင်		**တရားရှုံးများ**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်(၄၈၇)တွင်ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၀ခုနှစ် မတ် ၃ ရက်(မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆ/ပြည်သာယာ)၊ ဦးပိုင်အမှတ်-၁၁၉၊ မြေကွက်အမှတ်(၁၁၉)၊ မြေချိန်ဧရိယာ ၀ဒသမ၀၄၂၈ကေရှိ မြေနှင့် ယင်းမြေပေါ်ရှိ ပေ(၃၀×၃၀)ရှိပတ်ကားလူနေတစ်ထပ်တိုက်အကျယ် (၃၀×၁၂)ပေရှိ မီးဖိုချောင်၊ အကျယ်(၁၀×၄×၄)ပေရှိ အုတ်ရေကန်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်တင်ဌေး
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။

✻ RFA, DVB - သွေးထိုးနေသည်။

✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✻ နားမယောင်လေနဲ့ သတိထား။

နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် နှောင့်နှေးရပ်တန့်သွားစေရန်၊ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဒီမိုကရေစီဖော်ဆောင်မှုနှင့် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပျက်ပြားသွားစေရန် အကြံဆိုးများဖြင့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ၏ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး ကြံစည်ဖန်တီးလုပ်ဆောင်မှုများ ဖော်ထုတ်ဖမ်းဆီးရမိ

ပြည်သူလူထု ပူးပေါင်းပါဝင်လက်တွဲမှုကြောင့် အပြစ်မဲ့ပြည်သူအများအပြား ထိခိုက်ဒဏ်ရာရ သေကျေပျက်စီးခြင်း၊ ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင် အဆောက်အအုံများ ပျက်စီးခြင်းစသည့် ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရပ်ဆိုးကြီးများအား အချိန်မီကာကွယ်တားဆီးနိုင်ခဲ့

ပြည်ထဲရေးဝန်ကြီးဌာနက သတင်းတစ်ရပ် ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၂၇

အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများအား ဖော်ထုတ်ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

နိုင်ငံတော်အစိုးရသည် ပြည်သူလူထု၏ ပူးပေါင်းပါဝင်လက်တွဲမှုဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် စီမံဆောင်ရွက်လျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ထွန်းပေါ်ပေါက်စေရေး ရည်မှန်းချက်ကိုလည်း အရှိန်အဟုန်ဖြင့် ဖော်ဆောင်ချီတက်လျက်ရှိသည်။ သို့သော် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် နှောင့်နှေးရပ်တန့်သွားစေရန်၊ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဒီမိုကရေစီဖော်ဆောင်နေမှုနှင့်

စာမျက်နှာ ၈ ကော်လံ ၁ ●

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅၊ ၁၆ နှင့် ၁၇ တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။